> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့်တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

(၂၂) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ် - အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟန်ကျင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီး၊ ယခုနှစ်အတွက် အထူးမိတ်ဖက်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ○**




## အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ၊ နိုင်ငံတကာမှခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်း စကားများအသီးသီးပေးပို့

စာ - ၁၂ သို့

## လေ့လာမှတ်သား SCO အပေါ်ထားတဲ့ အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်နဲ့ သဘောထားများ

စာ - ၁၁ သို့





ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့်
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့်
**မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား
**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ**
**စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်)

# စည်းကမ်းရှိ၍ ပညာတတ်သော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး

မြန်မာနိုင်ငံသည်ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ တိုးတက်ရောက်ရှိရေးကြိုးပမ်းနေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးသည်အဓိကနေရာတွင်ရှိနေသကဲ့သို့ အဆိုပါစီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များရှိနေရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ကိုင်ကြသည့်အခါ မိမိနိုင်ငံရှိလူငယ်လူရွယ်များအနေဖြင့် အဆိုပါစီးပွားရေးလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်ကြရတော့မည်ဖြစ်သည်။ မိမိနိုင်ငံအတွင်း အိုးမကွာအိမ်မကွာလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝများလည်းပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် အလုပ်အကိုင်များပေါ်ကြွယ်လာပါက နိုင်ငံနှင့်နိုင်ငံသားများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အလုပ်အကိုင်များရှိနေပါလျက် မိမိကအရည်အချင်းမမီ၍ လုပ်ကိုင်ခွင့်မရလိုက်သည့်အဖြစ်မျိုးမကြုံရလေအောင် လူငယ်လူရွယ်များအနေဖြင့် ပညာတတ်လူသားများဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံ၏ပညာရေးကဏ္ဍမြင့်မားစေရေးအတွက် လက်တွေ့ကျကျဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေး၊ ကျောင်းနေသူတိုင်းအနည်းဆုံး KG+9 အောင်မြင်ရေး၊ အခြေခံအလယ်တန်းအောင်မြင်ပြီးနောက် မိမိတို့ဝါသနာနှင့်ကိုက်ညီသည့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များဆက်လက်သင်ကြားကာ အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးကိုစီစဉ်ဆောင်ရွက်ထားသည်။ သို့မှသာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များရရှိလာမည်ဖြစ်သည်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာကျောင်းများကိုဖွင့်လှစ်ထားသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆင့်မြင့်ပညာရပ်များ သင်ကြားရာတွင်လည်းအဆင့်မီသည့်ပညာရေးဖြစ်စေရေးဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကျောင်းသားအများစုသည် အစိုးရကျောင်းများတွင်ပညာသင်ကြားကြသူများဖြစ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အချင်းနှင့် အရေအတွက်ပြည့်မီရေး၊ ကျောင်းများအဆင့်မြှင့်တင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဖွင့်လှစ်သင်ကြားလျက်ရှိသည့်ကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ အပြည့်အဝသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကျောင်းများ၏ ဥပဓိရုပ်များကောင်းမွန်စေရေးအတွက်လည်း သတ်မှတ်ထားသည့်အဆင့်နှင့်လျော်ညီသည့် အင်္ဂါရပ်များနှင့်ပြည့်စုံသည့်ကျောင်းများဖြစ်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရမှဖွင့်လှစ်ထားသည့်ကျောင်းများသည်ပြည်သူများကအားထားရသည့်စာသင်ကျောင်းများဖြစ်ရမည်။ ထို့ပြင် ဆရာ၊ ဆရာမများအတွက် လိုအပ်သည့်သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများအဆင်ပြေစေရေး နိုင်ငံတော်မှတတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအတွက်လိုအပ်သည့်ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၂ ရက်တွင်ကျင်းပသည့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"မိမိအနေဖြင့် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်သို့ရောက်ရှိစဉ် ၎င်းတို့ပြည်နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ AI စနစ်များကိုအသုံးပြု၍ဆောင်ရွက်လျက်ရှိသည်ကိုလေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်မှုလယ်ယာစနစ်ကူးပြောင်းရန်ကြိုးပမ်းနေရချိန်တွင် အိမ်နီးချင်းနိုင်ငံ၌ ပို၍မြင့်မားသောအဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ အလားတူလူနေမှုအဆင့်အတန်းကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှုနှင့် လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်မှုများကိုလည်းလေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့ထက်ကောင်းမွန်သာလွန်မှုများကို အတုယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သွားရောက်ခဲ့သည့်ခရီးစဉ်သည် နိုင်ငံအတွက်အကျိုးရှိသည့်ခရီးစဉ်ဖြစ်ပြီးလေ့လာတွေ့ရှိခဲ့ရသည်များကို ပြန်လည်မျှဝေပေးခြင်းပင်ဖြစ်ကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံသားများ၏လူ့စွမ်းအားအရင်းအမြစ်များဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းရှိခြင်းဟူသော ကိုယ်ကျင့်သိက္ခာသည်လည်းရှိနေရမည်ဖြစ်သည်။ ဤသို့သောစိတ်ဓာတ်၊ စည်းကမ်း၊ ပညာများကို စာသင်ကျောင်းများ၌သင်ကြားပေးထားပြီးဖြစ်သည့်အတွက် လူငယ်များအနေဖြင့် မိမိတို့ဘဝမြင့်မားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်စည်းကမ်းရှိသောပညာတတ်လူသားအရင်းအမြစ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ရေနံချောင်းမြို့နယ်၌ ဓာတ်မြေဩဇာသွင်းအားစုများ ဖြန့်ဖြူးရောင်းချခြင်းဆောင်ရွက်

ရေနံချောင်း စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြို့နယ်ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကော်မတီက မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုများကို စက်တင်ဘာလ ၁၆ ရက်တွင် တောင်သူများလက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ရေနံချောင်းမြို့နယ်အတွင်းရှိ ပင်းဝကျေးရွာအုပ်စု သပြေပင်ကျေးရွာမှ မိုးစပါးစိုက်တောင်သူ ၃၈ ဦးအတွက် စိုက်ပျိုးရာသီအချိန်မီအသုံးပြုနိုင်ရေး သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန်အပြင် အဓိကလိုအပ်သောသွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ မိုးစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေနံချောင်းမြို့နယ်အတွင်း မြို့နယ်ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက သီးနှံပေါ်ပေးစနစ်ဖြင့် သပြေပင်ကျေးရွာမှ မိုးစပါးစိုက်တောင်သူ ၃၈ ဦးထံ အရည်အသွေးပြည့်မီသော ယူရီးယားဓာတ်မြေဩဇာအိတ် ၂၀၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၂၀ တို့ကို ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

နော်လူး

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၆ ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းစံပယ်ဆောင်၌ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်(၂) ဦးမျိုးချစ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်၊ Grade-11 နှင့် Grade-10 မှ ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ညိုညိုသင်းက ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူတော်၊ လူကောင်းများဖြစ်လာစေရေးကြိုးစားရန်လိုကြောင်း ပြောသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်ပြဘုတ်များနှင့် သုတရသ စာအုပ်၊ စာစောင်များ ပြသခြင်းကို ဆောင်ရွက်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

(၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၉-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငရုတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ငရုတ်ကောင်း စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောပြချက်အရ သိရသည်။

ငရုတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားဧက ၁၄၀၂၃ ဧကကို ယခုနှစ် ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၉၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးလျာထားဧကရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးနှင့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး မျိုးစေ့အသုံးပြုမှုမှန်ကန်စေရန်၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုတတ်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများ အသုံးပြုစိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနမှ လယ်မြေများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့အတွင်းမှာ မိုးစပါးဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ အကူအညီတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ကူညီဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီစေဖို့နဲ့ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဦးဆန်းဝင်းက ပြောသည်။

ငရုတ်ကောင်းမြို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံများ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာများနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြင့်သူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရသော ထူးချွန်ထက်မြက်သည့် ပညာတတ်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန်လိုကြောင်း၊ အနာဂတ်တွင် အမိနိုင်ငံတော်၏ဂုဏ်ကိုဆောင်နိုင်မည့် သားကောင်း၊ သမီးကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ကမာရွတ်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊လေးဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၂ ဦး ၊နှစ်ဘာသာဂုဏ်ထူးရှင် ၆၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၁ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၅၆ ဦးရှိကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၆ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မြတ်သူဇာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်သက်ခိုင်စိုးက လူငယ်နှင့်ယဉ်ကျေးမှု၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မစုဇင်ဇင်ကျော်က လူငယ်နှင့်ကျန်းမာရေး၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်မျိုးမြင့်မြတ်က လူငယ်နှင့်နည်းပညာ၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မပတ္တမြားနွယ်က လူငယ်နှင့်အားကစား၊ အမှတ် (၁၇) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်တေဇာလင်းက လူငယ်နှင့်ပညာရေး၊ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း Grade-10 မှ မဆုလှိုင်ဖြိုးက လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာဖတ်ရှုကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခင်ဝင်းမူ(ပြန်/ဆက်)

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

> **"တချို့သောပုဂ္ဂိုလ်များက ကျွန်ုပ်အား ဗဟုသုတအတော်ပြည့်ဝသော လူကြီးတစ်ယောက်အနေဖြင့် အစည်းအဝေးများတွင် စကားပြောဖို့ တိုက်တွန်းတတ်ကြလေရာ ကျွန်ုပ်သည် 'ဖိုးပြောချင်'တစ်ယောက်မဟုတ်ပါဘဲလျက် အားနာပါးနာနှင့် ပြောခဲ့ရဖူးသော အကြိမ်ပေါင်း အတော်များခဲ့ပါလေပြီ။ ကျွန်ုပ်က စကားမပြောတတ်ခြင်းကို ဖွင့်၍ဝန်ခံဖူးပါလျက် ယနေ့တိုင် ဇွတ်အတင်းတိုက်တွန်းသူများလည်းရှိနေကြသေးသည်ဖြစ်သော ကြောင့် စကားပြောခြင်းသည် ကျွန်ုပ်နှင့် ဘာမျှမဆိုင်ပုံကို ဤနေရာတွင် အလုံးစုံဖွင့်၍ ရေးလိုက်ရပါဦးမည် . . ."**

**ယမန်နေ့မှအဆက်**

**သိန်းဖေမြင့်**

စကားပြောသောအခါ၌ တုန်လှုပ်ခြင်း အလျဉ်းကင်း၍ အအေးဆုံးပြောတတ်သော အပြောသမားတစ်ယောက်ကို ရွေးချယ်စမ်းပါဟုဆိုလျှင် ကျွန်ုပ်သည် သိန်းဖေမြင့်ကို ရွေးချယ်ပေလိမ့်မည်။ သူသည် ပရိသတ်ကို စိတ်တက်ကြွအောင် နှိုးဆွပြီး မိမိလိုရာသို့ တွန်းထိုးခေါ်ငင်သွားနိုင်သည့် အပြောသမားမျိုးကား မဟုတ်။ မည်သူ့ကိုမျှ ထိခိုက်နာကျင်အောင်မပြောဘဲ စကားလုံးခပ်ပျော့ပျော့ကလေးများကို လေပြည်အေးနှင့်ပြောပြီး အပျော့ဆွဲသမားတစ်ယောက်ဖြစ်လေသည်။ သိန်းဖေမြင့်သည် အန္တရာယ်ကင်းအောင် ခရီးသွားချင်တတ်သည့် လက္ခဏာနှင့် တဖောက်ကန်းအပြောမျိုး၊ အလုပ်မျိုးကို (ဝိရတီစ) အဝေးမှ တိမ်းရှောင်ချင်တတ်သည့် ဝါသနာရှိဟန်တူ၏။ သို့ပါသော်လည်း သူ၏ ပြောလုံးများသည် မထိရောက်သည်မဟုတ်၊ အချက်လည်း ကျလှသည်။ သူ၏ ရှုလပတ်ရည် ဥပမာကလေးမှာ တချို့ရပ်ကွက်များ၌ ယနေ့တိုင် စားမြုံ့ပြန်လျက် ကျန်ရစ်ခဲ့သေးသည်။

**စကားပြောခြင်းသည် ကျွန်ုပ်နှင့် မဆိုင်ပုံ**

တချို့သောပုဂ္ဂိုလ်များက ကျွန်ုပ်အား ဗဟုသုတအတော်ပြည့်ဝသော လူကြီးတစ်ယောက်အနေဖြင့် အစည်းအဝေးများတွင် စကားပြောဖို့ တိုက်တွန်းတတ်ကြလေရာ ကျွန်ုပ်သည် 'ဖိုးပြောချင်' တစ်ယောက်မဟုတ်ပါဘဲလျက် အားနာပါးနာနှင့် ပြောခဲ့ရဖူးသော အကြိမ်ပေါင်း အတော်များခဲ့ပါလေပြီ။ ကျွန်ုပ်က စကားမပြောတတ်ခြင်းကိုဖွင့်၍ ဝန်ခံဖူးပါလျက် ယနေ့တိုင် ဇွတ်အတင်းတိုက်တွန်းသူများလည်းရှိနေကြသေးသည် ဖြစ်သောကြောင့် စကားပြောခြင်းသည် ကျွန်ုပ်နှင့် ဘာမျှမဆိုင်ပုံကို ဤနေရာတွင် အလုံးစုံဖွင့်၍ ရေးလိုက်ရပါဦးမည်။ ပထမအချက်၌ ကျွန်ုပ်အကြောင်းကို အချက်ပေါင်းများစွာ မှန်ကန်အောင် ဟောနိုင်သည့် လက္ခဏာဆရာကြီး ဦးစိန်က ကျွန်ုပ်သည် လူဆန်းတစ်ယောက်ဖြစ်ကြောင်း၊ တချို့လူများ၌ သူရဿတီသည် နှုတ်တွင်သာ စောင့်ရှိုးထုံးစံရှိပါလျက် ကျွန်ုပ်၌မူ ကလောင်တံတွင် စောင့်လျက်ရှိကြောင်း ဟောဖူးလေသည်။ သူဆိုသော အဓိပ္ပာယ်ကို ကျွန်ုပ်ကုန်စင်အောင် နားမလည်သော်လည်း ကျွန်ုပ်၏ကိုယ်တွေ့အရ ချင့်ချိန်သည့်အခါ ဟုတ်ပုံရခြင်းကို တွေ့ရသည်။ စကားပြောရသောအခါများ၌ စဉ်းစားထားသော စကားလုံးများသည်ပင် ကျွန်ုပ်ကြိုက်သော အစီအစဉ်မျိုး ဖြစ်ပေါ်မလာဘဲ ကိုးရိုးကားရားပေါ်လာကြသည်နှင့် ဖြစ်တတ်သလို ပြောလွှတ်လိုက်ရ၏။ စာဖြင့်ရေးသောအခါ၌မူ တစ်ခါတစ်ရံ၌ (သတင်းစာခေါင်းကြီးများရေးစဉ်က) မည်သည့်အကြောင်း ရေးရမည်ဟု စိတ်ကူးမပေါ်နိုင်ဘဲ စားပွဲသို့သွားပြီး ကလောင်တံကို ကောက်ကိုင်လိုက်ရာတွင် ရေးစရာအကြောင်းအရာများသည် တဖွားဖွားပေါ်လာတတ်ပါသည်။ ထို့ပြင် စာဖြင့် အချေအတင်ရေးရမည်ဆိုလျှင် ကျွန်ုပ်ကြောက်ရမည့်သူ မရှိသလောက် ထင်မိသော်လည်း စကားဖြင့် ချေပရမည်ဆိုပါက သာမည ရှေ့နေတစ်ယောက်ကိုပင် ကျွန်ုပ်ကြောက်ချင်တတ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ လက္ခဏာဆရာဟောသည့် သူရဿတီ၏ သတ္တိပေလော မပြောတတ်ပေ။

ဒုတိယအချက်၌ မန္တလေးသား စီပီ ဦးခင်မောင်၏ ယဉ်ကျေးသော မြန်မာစကားလုံးသုံးနှုန်းပုံအကြောင်းကို အထက်တွင် ဖော်ပြခဲ့ရာ ကျွန်ုပ်မှာလည်း နန်းတွင်းသူ မိခင်နှင့် လွှတ်တော်စာရေးဖခင်တို့မှ ပေါက်ဖွားရုံမျှမက ကျွန်ုပ်တို့၏ အိမ်သို့ လာရောက်လည်ပတ်ကြသည့် မြန်မာမင်းသမီး၊ မင်းသား၊ အရာရှိအရာခံများ၏ အလယ်တွင် ကြီးပြင်းလာရသူ တစ်ယောက်ဖြစ်သည့်အလျောက် မြန်မာမှုဆိုင်ရာ ယဉ်ကျေးသော အပြောအဆို အမူအရာ စသည်များကို ကျွန်ုပ် အားလုံး နားလည်ပါသည်။ သို့ရာတွင် အဆိုပါ ယဉ်ကျေးသည်ဆိုသော အပြောအဆို အခေါ်အဝေါ်များသည် ကျွန်ုပ်၏ နားထဲသို့မဝင်ဘဲ တစ်ယောက်နှင့်တစ်ယောက် အလကား 'ညာ'နေကြသည်ဟု ကလေးကတည်းက ထင်မိပါသည်။ ကျွန်ုပ်တို့၏ အိမ်နီးချင်းဖြစ်ခဲ့ဖူးသည့် စစ်ကဲတော်မင်းအား ကျေးကျွန်များက 'ချဉ်ပေါင်ဟင်းဟင်း၊ ဟင်းပါ ဘုရား'၊ 'ပုစွန်တုပ်ကြော်ဟော် ဟော် ဟော်ပါ ဘုရား' စသည်ဖြင့် သံရှည်ကြီးဆွဲပြီး တင်လျှောက်ကြခြင်းမျိုးကို လည်းကောင်း၊ စစ်ကဲတော်မင်းက သား၊ သမီးများအား 'လူကလေး မောင်မောင်ကြီးရေ'၊ 'သမီးလေး ခင်ခင်လတ်ရေ' စသည့်ခေါ်သံများကို ကြားရတိုင်း ကျွန်ုပ်ပြုံးမိ၍ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဦးကြီး၊ အရီး၊ ဒွေးလေးများ နန်းတော်ထဲသို့ ပထမအကြိမ် ဝင်လာစဉ်က "ဖိုးအောင်ဇေယျတစ်ယောက်ကောဟရို့"ဟု ဝန်ကြီးများအား မေးကြသည်ဟု မိခင်က ပြောဖူးခြင်းကို ကြားရ၍ ကျွန်ုပ် ပီတိဖြစ်မိသည်။ ကျွန်ုပ်၌ လူရိုင်းစိတ်ကိန်းအောင်းသည်ဟု ဆိုကြလျှင်လည်း ခံရပေမည်။ (ဟုတ်ချင်လည်း ဟုတ်ပေမည်။) ကျွန်ုပ်၏စိတ်ထဲ၌ကား လူ လူချင်း အလွန်အမင်းအရိုအသေပေးခြင်းကို အတုမခိုးချင်တတ်သည့် ဉာဉ်ဆိုးရှိခြင်းကို ဝန်ခံပါသည်။ ဆိုလိုခြင်းမှာ ကျွန်ုပ်သည် စီပီ ဦးခင်မောင်၏ ယဉ်ကျေးသော အသုံးအနှုန်းအခေါ်အဝေါ်မျိုးဖြင့် ပြောလို၊ ရေးလိုက ပြောတတ်ရေးတတ်သော်လည်း ကျွန်ုပ်ကိုယ်တိုင်က သုံးနှုန်းဖို့ နှုတ်တွန့်မိပါသည်။ ဥပမာဆိုသော် 'ကျွန်တော်တို့'ဟု ပြောရမည့်အစား 'ကျွန်တော်များ' ဟု ပြောခြင်းသည် ဇာတ်သဘင်ဆန်သည်ထင်၍ 'လူညာ'တစ်ယောက်ဟု ပြုံးမိပါသည်။ ဇာတ်သဘင်သမားများသည် ကျွန်ုပ်တို့ထံမှ ပိုက်ဆံရအောင် 'ချူ'၍ယူသည်၊ 'ညာ' ၍ယူသည်ဟူသော အမှတ်ကို ကျွန်ုပ် ဖျောက်ဖျက်ဖို့ ခဲယဉ်းလှသည်။ 'ကျွန်တော်များ'ဟူသော စကားလုံးကို (ကျွန်ုပ်အထင်) ရှေးဦးစွာ ထွင်၍သုံးသော ဇာတ်ဆရာဦးဖိုးစိန်သည် အရပ်သားများနှင့် ဆက်ဆံရာတွင် ခပ်ထန်ထန်ရှိသည်ဟု ကြားရဖူးသော်လည်း အရာရှိပိုင်းများနှင့် တွေ့ဆုံသောအခါများ၌မူ 'ပြားပြားဝပ်' သည် မဆိုနိုင်သော်လည်း (ယုတ်စွအဆုံး) ဈေးသည်တစ်ယောက်က ဈေးဝယ်ကို မြှူသည့်အမူအရာမျိုးသာ ရှိသည်ဟု ကျွန်ုပ်ထင်သည်။ မည်သူ့ထံမှ ဘာကိုမျှ မြှူချဖို့စိတ်ကူးမရှိသော ကျွန်ုပ်အဖို့မှာ စင်မြင့်ပေါ်တက်ပြီး မဲဆွယ်သောလူများ လုပ်ကြသည့် ဟောပြောခြင်းအလုပ်မျိုးကို အလေ့အကျင့်ပြုရန် အလိုမရှိချေ။ ကျွန်ုပ်စိတ်တိုင်းကျ စကားပြောရလျှင် ချော့၍ မပြောချင်၊ ငေါက်၍သာ ဆုံးမချင်တတ်သည်။ လူအားလုံးသည် တပည့်များမဟုတ်သဖြင့် ကျွန်ုပ်ငေါက်ခြင်းကို ခံနိုင်ကြမည်မဟုတ်ရကား ကျွန်ုပ်အဖို့ရာ၌ စကားမပြောခြင်းသည် အကောင်းဆုံးဖြစ်ပါတော့သည်။

တတိယအချက်၌ ကျွန်ုပ်မှာ စကားထစ်တတ်သူတစ်ယောက်ဖြစ်သည်။ ဤအကြောင်းကို ဖွင့်၍ရေးရဦးမည်။ စကားထစ်သည်ဆိုသော်လည်း စကားလုံးတိုင်းထစ်သည်မဟုတ်၊ တစ်ခါတစ်ရံ (တ) နှင့် စသော စကားလုံးများ၊ (ပ) နှင့် စသော စကားလုံးများ၊ တစ်ခါတစ်ရံ(စ)နှင့် စသော စကားလုံးများ၊ တစ်ခါတစ်ရံ (က) နှင့်စသော စကားလုံးများ စသည်ဖြင့် တစ်လှည့်စီ ပြောင်း၍ ထစ်တတ်၏။ တစ်ခါတည်း မှုသေမဟုတ်ချေ။ ဤတစ်လတွင် (က) သံများထစ်လျှင် နောက်တစ်လတွင် (ပ) သံများ ထစ်ချင်ထစ်ပြန်၏။ ဤနည်းအားဖြင့် အပြောင်းအလဲရှိတတ်လေသည်။ တချို့လူများသည် စကားထစ်တတ်ကြသော်လည်း ထစ်ချင်ထစ်ဆိုကာ ဇွတ်အတင်းပြောတတ်ကြ၏။ တချို့လည်း ထစ်စေကာမူ အပြောမည့်လှခြင်းကို တွေ့ရဖူး၏။ ဒေါက်တာသိန်းမောင်သည် အထစ်ခံပြီး အတော်များများစကားပြော၏။ ငါးပွင့်ဆိုင် ဦးစိန်ဘသည် ထစ်ပင်ထစ်သော်လည်း အတော်အတန်လူများထက် စကားပြောကောင်းသည်ကို တွေ့ရ၏။ ကျွန်ုပ်၏အခက်အခဲမှာ ပရိသတ်ရှေ့၌ ထစ်ရခြင်းကို ရှက်သည်နှင့် ရှောင်လွှဲ၍ ပြောရ၏။ ရှောင်လွှဲပုံကား (က) သံထွက်သောစကားလုံးများ၌ ထစ်တတ်သော အခိုက်တွင် အကောင်းဆုံးစကားလုံး အဖြစ်နှင့် စိတ်ထဲပေါ်လာသောစကားလုံးမှာ (က) သံနှင့်စသော စကားလုံးဖြစ်နေသည်ဆိုအံ့။ ယင်းစကားလုံးကို အထစ်ခံပြီး မပြောဘဲ ယင်းနှင့် အဓိပ္ပာယ်တူညီသော တခြားစကားလုံးတစ်ခုကို ချက်ချင်းရအောင်ရှာပြီး အစားထိုး၍ပြောရပါသည်။ ဤသို့ပြောင်းလဲခြင်းအတွက်ကြောင့် အကြိုက်ဆုံးစကားလုံးကို မပြောရသည်နှင့် အဓိပ္ပာယ်လေးနက်မှု လျော့သွား၏။ ဤသို့ ပြောင်းလဲမှုကြောင့် တစ်ခါတစ်ရံတွင် ဝါကျတည်ဆောက်ခြင်းကို ထိခိုက်ပြီး ခွန်အားရှိသောဝါကျမျိုးမှ ချည့်နဲ့သော ဝါကျမျိုးဖြစ်သွားပါသည်။ ဤမျှသာ မကသေး၊ ကျွန်ုပ်သည် ငံ့တန်ငံ့၊ တန့်တန်တန့်၊ သော့တန်သော့၊ တွန်းတန်တွန်းရသည့်စကားပြောခြင်း နည်းပရိယာယ်များကို နားလည်ထားပါလျက် ထစ်မည်စိုးသည်နှင့် ဆိုင်းငံ့ရမည့်နေရာများတွင် အတင်းပြောချလိုက်ရသော အဖြစ်မျိုးနှင့်လည်း ကြိမ်ဖန်များစွာ ကြုံရဖူးပါသည်။ ဤမျှလောက်ဖွင့်ဟ၍ ဝန်ခံပြီးသည့်နောက်တွင် ကျွန်ုပ်အား ဤအစည်းအဝေး၊ ထိုအစည်းအဝေးများ၌ မိန့်ခွန်းပြောဖို့ တိုက်တွန်းရက်သောလူများသည် ကျွန်ုပ်ကို တမင် 'ချောက်ချ'လိုသူများဟူ၍ ယူဆလိမ့်မည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် ကြေညာလိုက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြင့်မားစေရေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားပြီး စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးလျက်ရှိရာ စက်တင်ဘာလ ၁၆ ရက်က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(အင်းစိန်)နှင့် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနရုံးသို့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်တွင် ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေး စာဖတ်သူအကြိုက် စာအုပ်စာစောင်များကို နှစ်ပတ်တစ်ကြိမ် ငှားရမ်းပေးလျက်ရှိရာ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ငှားရမ်းဖတ်ရှုကြသည်။

ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်တွင် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်များပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလင်းကျော်(ပြန်/ဆက်)**

# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အထင်ကရ နေရာများဖြစ်သည့် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးအား ဖူးမြော်ကြည်ညိုပြီး နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာကြ သည်။

ဦးစွာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များသည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ရှင်းလင်းဆောင်၌ ဘုရားကြီး ဂေါပကအဖွဲ့ဝင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ် ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်း စဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင် ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာ ရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကား သိုက်မြိုက်စွာကျင်းပခဲ့မှုများကို ရှင်းလင်း ပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော် နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုမှတ်တမ်း ဗီဒီယိုကိုပြသသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့မှတာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားပြီး ရုပ်ပွား တော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်ခဲ့မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ကလက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များအသုံးပြု တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထား သော အဂ္ဂမဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိကအဆောက်အအုံများ၊ ပုံစံငယ် များနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ထား ပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ ကြကြောင်း သိရသည်။ မြဝတီ

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ရုံးအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် အိမ်သုံးဆိုလာမီးအိမ်များပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီး ဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့်ဝန်ထမ်း များအသုံးပြုရန်အတွက် အိမ်သုံးဆိုလာ မီးအိမ်များကို ယနေ့တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ရုံးများသို့ လာရောက် လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦး နှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ထမ်းမိသားစုများအတွက် ငွေကျပ် သိန်း ၁၀၀ ခန့်တန်ဖိုးရှိ အိမ်သုံးဆိုလာ ပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန ဝန်ထမ်းမိသားစုများအတွက် ငွေကျပ် သိန်း ၁၀၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာ ပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် ငွေကျပ်သိန်း ၁၅၀ ခန့် တန်ဖိုးရှိ အိမ်သုံး ဆိုလာပစ္စည်းအစုံ ၁၅၀ ကို ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းထံလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း မိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အိမ်သုံးဆိုလာပစ္စည်းအစုံ ၁၀၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦးထံလည်းကောင်း ပေးအပ်လှူဒါန်း ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ယာယီနေရပ်စွန့်ခွာ ထိခိုက်လွယ်အုပ်စုများအတွက် အလုပ်အကိုင်ဖန်တီးနိုင်ရေး နည်းလမ်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

တရားမဝင်ပြည်ပထွက်ခွာအလုပ်သမား များလျှော့ချနိုင်ရေး၊ အခြေခံအလုပ်သမား များ၏လူမှုဖူလုံရေးနှင့် လုပ်ငန်းခွင်သက်သာ ချောင်ချိရေး၊ တိုင်းရင်းသားဒေသများမှ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာ ထိခိုက်လွယ်အုပ်စုများအတွက် အလုပ် အကိုင်ဖန်တီးနိုင်ရေး နည်းလမ်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကော်မတီ၏ လုပ်ငန်းစဉ် တစ်ရပ်အဖြစ် တရားမဝင်ပြည်ပသို့ထွက်ခွာ ပြီး အလုပ်လုပ်ကိုင်လျက်ရှိသောအလုပ် သမားများအား လျှော့ချနိုင်ရေးအတွက် နိုင်ငံတော်နှင့်အလုပ်ရှင်များဘက်မှ ဆောင် ရွက်ပေးရမည့်ကဏ္ဍများ၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်အလုပ်သမားများ ရှားပါးလာမှု၊ အခြေခံအလုပ်သမားများ၏ လူမှုဖူလုံရေး၊ လုပ်ငန်းခွင် သက်သာချောင်ချိရေးနှင့် ပတ်သက်ပြီး အစိုးရနှင့်လုပ်ငန်းရှင်များ ဘက်မှ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ တိုင်းရင်းသားဒေသများမှရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာလာသော ထိခိုက်လွယ် အုပ်စုများအတွက် သင့်လျော်သောအလုပ် အကိုင်များရရှိနိုင်ရေးအတွက် သင်တန်းများ ပေးခြင်းအပြင် အလုပ်အကိုင်ဖန်တီးနိုင်ရေး နည်းလမ်းများနှင့်ပတ်သက်၍ အစိုးရနှင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များဘက်မှ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို ယနေ့ ဆွေးနွေးကြစေလိုကြောင်း ပြော ကြားသည်။

ထို့နောက်လုပ်ငန်းရှင်များကသက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စု ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေး သည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေ ထွေအတွင်းရေးမှူးချုပ်နှင့် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ မြဝတီ



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြိတ်မြို့နယ်၌ အကျိုးဆောင်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ



မြိတ် စက်တင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၏ ၂၀၂၅ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် (ပေါင်ပျိုး၊ ရိုးရိုးပျိုး၊ တိုက်ရိုက်အစေ့ချ)စိုက်နည်းစနစ်များဖြင့်စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား ကန်ဖျားရပ်ကွက် မစိုးရိမ်ကျောင်းလမ်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးခန်းမ၌ စက်တင်ဘာလ ၁၆ ရက်က ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချရခြင်းအကြောင်း တောင်သူများအား ပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော အကျိုးဆောင်တောင်သူ ၁၀၆ ဦးတို့ကို ယူရီးယားဓာတ်မြေဩဇာ အိတ် ၅၂၀ ဖြန့်ဖြူးပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြိတ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စန္ဒဝတ်၊ ကျောက်ဖျာ၊ အင်္ဂမော်၊ ကဟန်း၊ မဇော၊ မင်းသန်း၊ သဘွတ်၊ ပင်းအိုကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးလျက်ရှိသည့် အကျိုးဆောင်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ စကားပုံဆက်ပြိုင်ပွဲ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

ရွှေတောင် စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရေးနှင့် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးရည်ရွယ်၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပြီး ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များပြသခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

ပန်းတောင်း စက်တင်ဘာ ၁၇


ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်သတင်းစာဆရာအသင်းတို့ ပူးပေါင်း၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း (ထုံးဘို) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိမ်းညိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သတင်းစာဆရာအသင်းနာယက ဦးမြင့်ဌေး (မြင့်ဌေး-ရွှေပင်မြေ) က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထုံးဘိုနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ဝဏ္ဏရွှေက ဒုစရိုက်မှုခင်းများဖြစ်ပွားရခြင်းအကြောင်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရန် လိုအပ်ကြောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့် (အောင်မြင့်-ပန်းတောင်း) က သက်ငယ်မုဒိမ်းမှုများပပျောက်ရေး မှုခင်းများနှင့် ကြုံရဆုံရသတင်းထောက်ဘဝခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆရာမတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပန်းတောင်းမြို့နယ် သတင်းစာဆရာအသင်းနာယက ဦးမြင့်ဌေးက စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိမ်းညိမ်းက လက်ခံရယူကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**




# ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဘုတ်ပြင်း စက်တင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကျေးရွာပေါင်း ၂၄ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကရိုင်တိုင်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကို စက်တင်ဘာလ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကရိုင်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ စာရင်းဇယားများဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ငွေကျပ်သန်း ၃၀ မတည်ပေးခဲ့ပြီး ယခုအခါ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားအသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးအတွက် ငွေကျပ် ၅၃ ဒသမ ၄ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားပြီး အဆိုပါချေးငွေများဖြင့် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က အဆိုပါစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# ကျုံဒိုးမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်




ကျုံဒိုး စက်တင်ဘာ ၁၇

ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျုံဒိုးမြို့ အေးစေတီဓမ္မာရုံ၌ “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

နိုင်ငံသားတိုင်းရယူပိုင်ဆိုင်သင့်သည့် နိုင်ငံသားအခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး၊ လာမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ကျုံဒိုးမြို့တွင်းပြည်သူများအား လိုအပ်သောသက်သေခံအထောက်အထား စာရွက်စာတမ်းများစိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကော့ကရိတ်ခရိုင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျုံဒိုးမြို့အုပ်ချုပ်ရေးမှူး၊ ကော့ကရိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးတို့က လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၀၆)

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

## ပခုက္ကူ

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၁၆ ရက်တွင် ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားဝေက “အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး” ခေါင်းစဉ်ဖြင့် အိုဇုန်းလွှာအကြောင်း၊ အိုဇုန်းလွှာပျက်စီးရသည့်အကြောင်းရင်းများ၊ အိုဇုန်းလွှာထိန်းသိမ်းရေးနည်းလမ်းများနှင့် အိုဇုန်းလွှာပျက်စီးစေသည့် အအေးပေးပစ္စည်းများလျှော့ချရေးနည်းလမ်းများကို အသိပညာပေးဟောပြောပြီး ဦးစီးအရာရှိ ဒေါ်ရည်ဇင်ငြိမ်းက “ရေချိုရှားပါးမှု” ခေါင်းစဉ်ဖြင့် ကမ္ဘာ့ရေထုတွင် ရေချိုပါဝင်မှု၊ သက်ရှိပတ်ဝန်းကျင်၌ အရေးပါမှုအကြောင်း၊ ရေချိုရှားပါးလာသည့်အန္တရာယ်နှင့် ရေချိုချွေတာထိန်းသိမ်းရေးနည်းလမ်းများအား အသိပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများမေးမြန်း၍ ဖြေဆိုနိုင်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဗဟုသုတစာအုပ်များနှင့် အထိမ်းအမှတ်လက်ကမ်းစာစောင်များပေးအပ်ကြောင်းနှင့် ကျောင်းအုပ်ဆရာမကြီးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးစာအုပ်များ လက်ဆောင်ပေးအပ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Message နှင့် UNEP မှအမှုဆောင်ဒါရိုက်တာ၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Video Message တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့်ကျင်းပသည့် အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြောင်းသိရသည်။

(၆၀၂)

## ပင်လုံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ စက်တင်ဘာလ ၁၆ ရက်တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးစည်သူနိုင်က အိုဇုန်းလွှာထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးအောင်က ရာသီဥတုကောင်းမွန်မှုတစေရန်၊ ပတ်ဝန်းကျင်ဂေဟစနစ်ကောင်းမွန်စေရန်အတွက် သစ်တောသစ်ပင်များထိန်းသိမ်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်းသိရသည်။ (၄၁၄)

# မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများအား စနစ်တကျ ကိုင်တွယ်အသုံးပြုခြင်း နည်းပညာများ လက်တွေ့ပညာပေး

ဆိပ်ဖြူ စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများအား စနစ်တကျကိုင်တွယ်အသုံးပြုခြင်းနည်းပညာများလက်တွေ့ပညာပေးလုပ်ငန်းကို စက်တင်ဘာလ ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိဦးအေးမင်းမောင်ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက အနောက်ပိုင်းရပ်ကွက် ဦးထွန်းဝင်းစက်သုံးဆီအရောင်းဆိုင်၌ မီးဘေးလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မီးငြိမ်းသတ်ရေးနှင့်ကြိုတင်ကာကွယ်ရေးပစ္စည်းများဆောင်ရွက်ထားရှိမှုအခြေအနေများ ကွင်းဆင်းစစ်ဆေးခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများအား လက်တွေ့အသုံးပြုမှုနည်းလမ်းများအား ကိုင်တွယ်အသုံးပြုတတ်စေရန် ဆိုင်ဝန်ထမ်းများကို လက်တွေ့လေ့ကျင့် ပညာပေးဆောင်ရွက်ကြောင်း သိရသည်။

သူရိန်(ဆိပ်ဖြူ)

# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မြေဩဇာကြဲပက်

ကသာ စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျွန်တောကျေးရွာရှိ တောင်သူ ဦးထွန်းမြင့် စိုက်ပျိုးထားသော အောင်နိုင်တိုးစပါးခင်းအတွင်း၌ စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စုပေါင်းမြေဩဇာကြဲပက်ပွဲနှင့်သရုပ်ပြပွဲကျင်းပသည်။

သရုပ်ပြပွဲသို့ ကသာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဝင်းက သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာတို့အား အချိုးကျကျရောစပ်ပုံတို့ကို ရှင်းလင်းပြပြီး တက်ရောက်လာကြသူများက အချိုးကျရောစပ်ထားသည့် မြေဩဇာများအား တောင်သူ ဦးထွန်းမြင့် စိုက်ပျိုးထားသော အောင်နိုင်တိုးစပါးမျိုးစိုက်ခင်းအတွင်း စုပေါင်းမြေဩဇာကြဲပက်ခြင်း ဆောင်ရွက်ကြောင်း သိရသည်။

(၄၀၉)

# ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပဲခူး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် အသေးစား၊ အငယ်စား၊ အလတ်စား(MSMEs) ဈေးရောင်းပွဲတော်အား ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားကွင်း၌ အောက်တိုဘာလ ၁ ရက်မှ ၁၀ ရက် (သီတင်းကျွတ်လဆန်း ၁၀ ရက်မှသီတင်းကျွတ်လပြည့်ကျော် ၄ ရက်)အထိ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှသိရသည်။

သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီးအတွင်း ထုတ်လုပ်သော အသေးစား၊အငယ်စား၊အလတ်စား(MSMEs) လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၊ ဒေသထွက်ထုတ်ကုန်အရောင်းပြပွဲများ၊ အရောင်းဆိုင်ခန်းများ၊ မုန့်ဈေးတန်းများနှင့်ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်ဖျော်ဖြေမှုများ၊ ဇာတ်သဘင်ဖျော်ဖြေမှုများ၊ သီတင်းကျွတ်လပြည့်နေ့တွင် ပွဲတော်လာသဒ္ဓါပရိသတ် ၁၅၀၀၀ အား စတုဒိသာကျွေးမွေးခြင်းတို့ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများ၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဘုရားဝတ်ပြုအသင်းများမှ ဘုရားဝတ်ပြုကန်တော့ခြင်း၊ ပဲခူးမြစ်အတွင်း မီးမျှောပွဲကျင်းပခြင်း၊ မြို့တွင်းလမ်းတစ်လျှောက်နှင့် အများပြည်သူဆိုင်ရာ ပန်းခြံများတွင် မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

# စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၂)

**မဲဆန္ဒရှင်တစ်ဦး**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်မည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်တွင် သတ်မှတ်ကြေညာခဲ့သည်။ ပထမပိုင်းအတွက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အပိုင်းလိုက် ဆန္ဒမဲပေးရမည့်ရက်နှင့် မြို့နယ်များစာရင်းကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

**ရွေးကောက်ပွဲစနစ်သစ်အတွက် အဓိကအချက်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၅/၂၀၂၅၊ ၄၆/၂၀၂၅၊ ၄၇/၂၀၂၅ တို့ဖြင့် ၂၉-၇-၂၀၂၅ ရက်တွင် လွှတ်တော်(၃)ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ်ပြင်ဆင်သည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၅၊ ၅၁/၂၀၂၅၊ ၅၂/၂၀၂၅ တို့ဖြင့် လွှတ်တော် (၃) ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ၇-၈-၂၀၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် စနစ်တစ်မျိုးဖြစ်သည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်သည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကျင့်သုံးရာတွင် ဥပဒေမူဘောင်၊ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း၊ မဲဆန္ဒနယ်ကိုယ်စားပြုခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း၊ PR လစ်လပ်ကိုယ်စားလှယ်နေရာအစားထိုးဖြည့်စွက်ခြင်းတို့သည် စနစ်သစ်ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အဓိကကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည်။

**ဥပဒေမူဘောင်**

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်ရွေးကောက်ပွဲစနစ်ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များအရ သင့်လျော်သော ရွေးကောက်တင်မြှောက်ပုံစနစ်ကို ရွေးချယ်ကျင့်သုံးခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းပြဋ္ဌာန်းချက်အရ လျော်ကန်သည့် FPTP စနစ်ဖြင့် ယခင်အတိုင်း တစ်မြို့နယ်လျှင် ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ကိုယ်စားလှယ် ၃၃၀ ဦးကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တူညီသော ကိုယ်စားလှယ်အရေအတွက် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ရသဖြင့် FPTP အားသာချက်ရော PR အားသာချက်ပါရရှိမည့် MMP ကျင့်သုံးခြင်းဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ၆ ခုအတွက်လည်း FPTP မဲဆန္ဒနယ် တစ်နယ်စီသတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်ရမည်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တစ်မြို့နယ်လျှင် နှစ်ဦးကျစီဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များသတ်မှတ်ပြီး MMP ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း FPTP စနစ်ဖြင့် ရွေးကောက်ရမည်ဖြစ်သည်။

**မဲဆန္ဒနယ်သတ်မှတ်ခြင်း**

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ်အမျိုးအစားနှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန်သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ်တစ်နယ်စီဖြင့် မဲဆန္ဒနယ် ၃၃၀ နယ်သတ်မှတ်သည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ FPTP မဲဆန္ဒနယ် ၆ နယ်သတ်မှတ်သည်။ ယင်း FPTP မဲဆန္ဒနယ်များကို စုစည်း၍ PR မဲဆန္ဒနယ်တစ်နယ် သို့မဟုတ် အများဆုံး ၃ နယ်သတ်မှတ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသပါဝင်သော ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် မူလ FPTP မဲဆန္ဒနယ် ၆ နယ်တွင် တစ်နယ်စီပါဝင်သည်။ PR မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ်၅ ခု၊ PR မဲဆန္ဒနယ်၂ နယ် သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ၆ ခု၊ PR မဲဆန္ဒနယ် ၃ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၃ ခုဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်သည်၊ တစ်ဆက်တစ်စပ်တည်းရှိသော FPTP မဲဆန္ဒနယ်များကိုစုစည်း၍ PR မဲဆန္ဒနယ်များအဖြစ် သတ်မှတ်သည်။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြို့နယ်အရေအတွက်အပေါ်မူတည်ပြီး PR မဲဆန္ဒနယ်များကို အနည်းဆုံးတစ်နယ် သို့မဟုတ် လိုအပ်သလို သတ်မှတ်သည်။ PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၅ ခု၊ PR မဲဆန္ဒနယ် ၂ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ၂ ခု၊ PR မဲဆန္ဒနယ် ၃ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၁ ခု၊ PR မဲဆန္ဒနယ် ၄ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၂ ခု၊ PR မဲဆန္ဒနယ် ၅ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၂ ခု၊ PR မဲဆန္ဒနယ် ၆ နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ ပြည်နယ် ၂ ခုဖြစ်သည်။

သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို FPTP မဲဆန္ဒနယ် တစ်နယ်အဖြစ် သီးခြားသတ်မှတ်သည်။ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ) တို့အရ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဖြစ်သည်။

ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ် မဲဆန္ဒနယ်စုစုပေါင်း ၈၃၃ နယ်ဖြစ်သည်။

**ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း**

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။ တစ်သီးပုဂ္ဂလများလည်း အမည်စာရင်းတင်သွင်းနိုင်သည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများသည် ယင်း FPTP မဲဆန္ဒနယ်အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရမည်။ အရေအတွက်လျှော့ပေါ့တင်သွင်း၍မရပါ။ MMP စနစ်အတွက် အဓိကအချက်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီသီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများဖြစ်သင့်သည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်ကသတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရသည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အမည်စာရင်းတင်သွင်းရသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရသည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာသည်။ ခရိုင်များတိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများသတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်တွင် နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားစာပေးပို့ခဲ့သည်။ ကော်မရှင်ကသတ်မှတ်သည့် ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်သည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်ရက်မှာ ၈-၉-၂၀၂၅ ရက်ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၁၇-၉-၂၀၂၅ ရက်အထိ ၁၀ ရက်ဖြစ်သည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုကရုပ်သိမ်းနိုင်သည့်နောက်ဆုံးရက်မှာ ၁၂-၉-၂၀၂၅ ရက်ဖြစ်သည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုးတင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်မှ ၁၇-၉-၂၀၂၅ ရက်အထိဖြစ်သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများကို စိစစ်မည့်ရက်မှာ ၁၈-၉-၂၀၂၅ ရက်မှ ၄-၁၀-၂၀၂၅ ရက်အထိ ၁၇ ရက်ဖြစ်သည်။ ကော်မရှင်ကသတ်မှတ်ကြေညာလိုက်သည့်ရက်အတွင်း ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းနှင့် စိစစ်ခြင်းဆောင်ရွက်ရမည်ဖြစ်သည်။

PR မဲဆန္ဒနယ်သည် ပါတီအချိုးကျကိုယ်စားပြုစနစ်အတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် တစ်သီးပုဂ္ဂလများ ပါဝင်၍မရပါ။ တစ်သီးပုဂ္ဂလများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင်သာ ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၁ အရလည်း ပါတီမှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ပါတီဝင်အင်အား စုဆောင်းခြင်းနှင့် ပါတီစည်းရုံးရေးလုပ်ငန်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ယခင်ရွေးကောက်ပွဲများတွင် ကော်မရှင်က ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။ ယခုလာမည့်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းစည်းကမ်းတကျဆောင်ရွက်နိုင်ရန်၊ ရွေးကောက်ပွဲပြစ်မှုများ၊ အငြင်းပွားမှုများနှင့် ဥပဒေချိုးဖောက်မှုများ လျော့နည်းစေရန်အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပုဒ်မ ၃၀ – က ဖြင့် ဖြည့်စွက်ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို နည်းဥပဒေတွင်လည်း သီးခြားအခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ကို သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲတွင် လျှောက်ထားရမည်ဖြစ်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင် မည်ဖြစ်သည်။ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်

**စာမျက်နှာ ၉ သို့** ❑

❑ စာမျက်နှာ ၈ မှအဆက်

ရမည်။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို မကျူးလွန်မိစေရန် အထူးသတိပြုရမည်။ နိုင်ငံရေးပါတီများကလည်း အပြန်အလှန်စောင့်ကြည့်ထိန်းကျောင်းရန်လိုအပ်သည်။ ပါတီက ကျူးလွန်သည်ဖြစ်စေ၊ ကိုယ်စားလှယ်လောင်းက ကျူးလွန်သည်ဖြစ်စေ FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ပါ သက်ရောက်မှုရှိမည်ဖြစ်သည်။

**ဆန္ဒမဲပေးခြင်း**

လာမည့် စနစ်သစ်နှင့်ရွေးကောက်ပွဲတွင် မဲရုံအားလုံး၌ MEVM အီလက်ထရောနစ်မဲပေးစက်များဖြင့် ခလုတ်နှိပ်၍ မဲပေးကြရမည်ဖြစ်သည်။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် အကျုံးဝင်သော မဲစာရင်းပါရှိရာ မြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် နည်းဥပဒေပါ နည်းလမ်းအတိုင်းတောင်းဆို၍ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ဘောပင်ဖြင့် အမှန် (√) အမှတ်အသားပြု၍ ကြိုတင်ဆန္ဒမဲပေးနိုင်သည်။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် မဲဆန္ဒနယ်အတွင်းရှိသော်လည်း မဲရုံသို့မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် နည်းဥပဒေပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည်။

မဲဆန္ဒရှင်က ဆန္ဒမဲပေးရာတွင် ကြိုတင်မဲပေးခြင်းဖြစ်စေ၊ မဲပေးစက်ဖြင့် မဲပေးခြင်းဖြစ်စေ နှစ်သက်ရာကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်သည်။ မဲဆန္ဒရှင်က ယခင်ရွေးကောက်ပွဲများအတိုင်း ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်ဆန္ဒမဲပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်အတွက်ပါ တစ်ဆက်တည်းရွေးကောက်တင်မြှောက်ပေးနိုင်မည်ဖြစ်သည်။

**ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း**

MMP စနစ်တွင် မဲဆန္ဒရှင်က နှစ်သက်ရာကိုယ်စားလှယ်လောင်းကိုတစ်ကြိမ်၊ ပါတီကိုတစ်ကြိမ်မဲပေးရခြင်းရှိသကဲ့သို့ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာမဲပေးရပြီး ကိုယ်စားလှယ်က ရရှိသည့်မဲကို ပါတီကရသည့်မဲအဖြစ်သတ်မှတ်သည့် ရိုးရှင်းသောနည်းလမ်းလည်း ကျင့်သုံးသည်။ ယခု ရွေးကောက်ပွဲဥပဒေတွင် မဲဆန္ဒရှင်က လွှတ်တော်မဲဆန္ဒနယ်အလိုက် FPTP ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးရမည်။ ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက FPTP မဲဆန္ဒနယ်အတွက် ရွေးကောက်ခံရမည်ဖြစ်သည်။

ဤနေရာတွင် MMP စနစ်အရ FPTP ကနေ PR စနစ်ကို ကူးပြောင်းသည့်ပုံစံ အရေးကြီးသည်။ FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသမပါ) တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက FPTP မဲဆန္ဒနယ် အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရမည်ဖြစ်သည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်ကရရှိသည့်ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့်ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည်ဖြစ်သည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲအများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်သည်။ ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများရရှိသော ခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်းမပြုကြောင်း သိရှိထားရန်လိုသည်။

ဥပမာ – Closed List PR သဘောအရ မဲဆန္ဒနယ်အလိုက်ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက်အတိုင်း ပါတီကဦးစားပေးအစီအစဉ်ဖြင့် အမည်စာရင်းကို ကော်မရှင်ထံ ကြိုတင်တင်ပြရပါမည်။ အနည်းဆုံးရရှိရမည့်အခြေခံမဲ Hare Quota တွက်နည်းဆိုသည်မှာ ကိုယ်စားလှယ်၆ဦး ရွေးကောက်ရမည့် PR မဲဆန္ဒနယ်တွင် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ ဆိုပါစို့။ အခြေခံမဲ ၁၀၀၀၀ ရပါက ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရခြင်းဖြစ်သည်။ အခြေခံမဲ Quota တစ် Quota ရလျှင် ကိုယ်စားလှယ်တစ်ဦးရခြင်းဖြစ်သည်။ ကြွင်းကျန်မဲအများဆုံးနည်းလမ်း The Largest Remainder Method ဆိုသည်မှာ ပါတီရရှိသည့် ခိုင်လုံမဲကို Quota ဖြင့်စားခြင်း စားလဒ်အရ ကိုယ်စားလှယ်ဦးရေကို တွက်ချက်ခြင်းဖြစ်သည်။ သာမန်အားဖြင့် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ တွင် A ပါတီက မဲ ၄၀၀၀၀ ရလျှင် ကိုယ်စားလှယ် ၄ ဦး၊ B ပါတီက မဲ ၂၀၀၀၀ ရလျှင် ကိုယ်စားလှယ် ၂ ဦးရမည့်သဘောဖြစ်သည်။ Quota နည်းဖြင့် သတ်မှတ်ကိုယ်စားလှယ်ဦးရေ မပြည့်သေးပါက စားကြွင်းအရ ပါတီများ၏ ကြွင်းကျန်မဲများကို အများအနည်းအလိုက် ကိုယ်စားလှယ်တစ်ဦးကျစီ ဖြည့်စွက်ပေးခြင်းဖြစ်သည်။

MMP အရ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ အသိသက်သေများ၊ မဲဆန္ဒရှင်များက စောင့်ကြည့်လေ့လာနိုင်သည်။ ဤတွက်နည်းအရ မဲဆန္ဒရှင်က မဲတစ်ကြိမ်ပေးရုံဖြင့် FPTP မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များနှင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များကိုပါ တစ်ဆက်တစ်စပ်တည်း ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်သည်။ အလွန်ရိုးရှင်းလွယ်ကူသည်။ FPTP အတွက်ရော PR အတွက်ပါ မျှတသောကိုယ်စားလှယ်အချိုးရရှိနိုင်သည်။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက် MMP စနစ်နမူနာပုံစံ**

မြို့နယ်အရေအတွက်နည်းသော ပြည်နယ်တစ်ခုအတွက် ဥပမာပေးတင်ပြလိုသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်တင်မြှောက်ရာတွင် FPTP မဲဆန္ဒနယ် ၆ နယ်သတ်မှတ်၍ ကိုယ်စားလှယ် ၁ ဦးကျစီဖြင့် ၆ ဦးရွေးကောက်တင်မြှောက်မည်။ ယင်းမဲဆန္ဒနယ် ၆ နယ်ကိုပေါင်း၍ ပြည်နယ်တစ်ခုလုံးအား PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်မည်။ FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များရရှိသည့်မဲများကို ပါတီက ရရှိသည့်မဲများအဖြစ်တွက်ယူပြီး PR မဲဆန္ဒနယ်အတွက်ပါတီအချိုးကျကိုယ်စားလှယ်၆ဦး ရွေးကောက်တင်မြှောက်ခြင်း နမူနာတွက်နည်းအား ဇယား (၁)၊ ဇယား (၂)၊ ဇယား (၃)တို့ဖြင့် ဖော်ပြအပ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့်ကိုယ်စားလှယ်အရေအတွက်ပေါ်မူတည်၍ MMP စနစ်အရ ဤနမူနာတွက်နည်းအတိုင်းဖြစ်သည်။

နည်းလမ်းများအတိုင်း တွက်ချက်ရမည်ဖြစ်သည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ Party List PR စနစ်အရ မဲဆန္ဒနယ်တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ MMP စနစ်အရ မဲဆန္ဒနယ်ကိုယ်စားပြု FPTP ကိုယ်စားလှယ်နှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များ တပေါင်းတစည်းတည်း ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲစနစ် MMP ၏ အနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့်မျှတခြင်းတို့

**ဇယား(၁)**

**အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲကိုယ်စားလှယ်နေရာ ၆ နေရာရှိသော PR မဲဆန္ဒနယ်အတွက် ပါတီအလိုက်ဦးစားပေးကိုယ်စားလှယ်လောင်းစာရင်း**

| ( A )ပါတီ | ( B )ပါတီ | ( C )ပါတီ | ( D )ပါတီ | ( E )ပါတီ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးမျိုး | ၁။ ဦးက | ၁။ ဦးမြိုင် |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးတိုး | ၂။ ဦးနိုး | ၂။ ဦးဂ |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဒေါ်မူမူ | ၃။ ဒေါ်ကြူ | ၃။ ဒေါ်ဆ |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်ကြိုင် | ၄။ ဒေါ်နိုင် | ၄။ ဒေါ်ဇ |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဦးကျော် | ၅။ ဦးကော် | ၅။ ဦးဃ |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးသူ | ၆။ ဦးထိန် | ၆။ ဦးင |

**ဇယား(၂)**

**တွက်ချက်မှုဇယား List PR (Closed List)**

အနည်းဆုံးရရှိမည့် အခြေခံမဲ (Quota) = ၉၀၀,၀၀၀ / ၆ = ၁၅၀,၀၀၀

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | Quotaအရ ပထမရရှိသည့် ကိုယ်စားလှယ်ဦးရေ | ကြွင်းကျန်မဲ ပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ်ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A) ပါတီ | ၃၃၀,၀၀၀ | ၂ | ၃၀,၀၀၀ | | ၂ |
| (B) ပါတီ | ၁၉၀,၀၀၀ | ၁ | ၄၀,၀၀၀ | | ၁ |
| (C) ပါတီ | ၂၂၀,၀၀၀ | ၁ | ၇၀,၀၀၀ | ၁ | ၂ |
| (D) ပါတီ | ၆၀,၀၀၀ | | ၆၀,၀၀၀ | | |
| (E) ပါတီ | ၁၀၀,၀၀၀ | | ၁၀၀,၀၀၀ | ၁ | ၁ |
| **စုစုပေါင်း** | ၉၀၀,၀၀၀ | ၄ | | ၂ | ၆ |

**ရှင်းလင်းချက်။** ပါတီအသီးသီးကရရှိသော ခိုင်လုံမဲများသည် မူလ FPTP မဲဆန္ဒနယ် ၆ နယ်တွင် ယင်းပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းများ ရရှိသောခိုင်လုံမဲများကို စုပေါင်းထားခြင်းဖြစ်သည်။

ပိုမိုရုပ်လုံးပေါ်လွင်လာမည်ဖြစ်သည်။ စနစ်နှစ်မျိုးအရ ရွေးကောက်ခံရသည့် FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်တွင် မည်သို့စွမ်းဆောင်နိုင်သည်၊

**ဇယား(၃)**

**အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲပါတီများ ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်လောင်းဦးစားပေးအစီအစဉ်အရ ရွေးချယ်ခံရသည့်ကိုယ်စားလှယ်(နမူနာပုံစံ)**

| ( A ) ပါတီ | ( B ) ပါတီ | ( C ) ပါတီ | ( D ) ပါတီ | ( E ) ပါတီ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးမျိုး | ၁။ ဦးက | ၁။ ဦးမြိုင် |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးတိုး | ၂။ ဦးနိုး | ၂။ ဦးဂ |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဒေါ်မူမူ | ၃။ ဒေါ်ကြူ | ၃။ ဒေါ်ဆ |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်ကြိုင် | ၄။ ဒေါ်နိုင် | ၄။ ဒေါ်ဇ |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဦးကျော် | ၅။ ဦးကော် | ၅။ ဦးဃ |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးသူ | ၆။ ဦးထိန် | ၆။ ဦးင |

**ရှင်းလင်းချက်။** PR မဲဆန္ဒနယ်အတွက် (A) ပါတီ နှစ်ဦး၊ (B) ပါတီတစ်ဦး၊ (C) ပါတီနှစ်ဦး၊ (E) ပါတီ တစ်ဦး စုစုပေါင်းခြောက်ဦး ရွေးကောက်ခံရပါသည်။

**မဲဆန္ဒနယ်ကိုယ်စားပြုခြင်း**

လာမည့်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များပါဝင်လာမည်ဖြစ်သည်။ MMP စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များကို သတ်မှတ်ထားသည့်

မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်အကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးမည်သို့ဖော်ဆောင်နိုင်ကြမည်ကို မဲဆန္ဒရှင်ပြည်သူတို့က ဆက်လက်စောင့်မျှော်သွားမည်ဖြစ်သည်။

**ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း**

ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုကျူးလွန်ခဲ့လျှင်မည်သည့်ကိုယ်စားလှယ်လောင်းမဆို ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခံရနိုင်သည်။ တရားမဲ့ပြုကျင့်ကြောင်း

**စာမျက်နှာ ၁၀ သို့** ❑

❑ စာမျက်နှာ ၉ မှအဆက်

ပေါ်လွင်ထင်ရှားပါက ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်မည်။ FPTP မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည့်ပါတီကိုယ်စားပြု ကိုယ်စားလှယ် ကန့်ကွက်ခံရခြင်းကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှပျက်ပြယ်ပါက ၎င်းရရှိခဲ့သည့်မဲများသည် တရားမဲ့ပြုကျင့်ခဲ့သော မဲများအဖြစ်သတ်မှတ်ခံရပြီး ဆက်စပ်သော PR မဲဆန္ဒနယ်အတွက် မဲရလဒ်ကိုပါ သက်ရောက်သွားမည်ဖြစ်သည်။ နိုင်ငံရေးပါတီကဖြစ်စေ၊ ပါတီဝင်များကဖြစ်စေ၊ ပါတီလိုလားသူများကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေချိုးဖောက်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ မကျူးလွန်မိစေရန် အထူးသတိထားရှောင်ရှားကြစေလိုသည်။

**ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း**

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ်များတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲဖြင့် အစားထိုးရွေးကောက်တင်မြှောက်ရမည်။ သို့သော် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ (ခ) အရ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းမပြုရပါ။

**PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်း**

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်များအတွက် အကြောင်းတစ်စုံတစ်ရာကြောင့် ပါတီကိုယ်စားပြု ရွေးကောက်ခံကိုယ်စားလှယ်လစ်လပ်ပါက Closed List PR စနစ်အရ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ အရ နိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် အမည်စာရင်းပါအတိုင်း ပုဒ်မ ၈၉ (က) နှင့် နည်းဥပဒေ ၁၃၂ တို့အရ အစဉ်လိုက် အစားထိုးဖြည့်စွက်ခြင်းနည်းလမ်းဖြင့် ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာမည်ဖြစ်သည်။

**MMP စနစ်၏ အားသာချက်များ**

FPTP မဲဆန္ဒနယ်များအတွက် မဲဆန္ဒရှင်များက ကိုယ်စားလှယ်ကို တိုက်ရိုက်မဲပေးပြီး ရွေးကောက်တင်မြှောက်နိုင်သည်။ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့ပြီးဖြစ်သဖြင့် အခက်အခဲမရှိပါ။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကိုပေါင်းစပ်ပြီး MMP စနစ်ဖြင့်ဆောင်ရွက်သဖြင့် FPTP ကိုယ်စားလှယ်သာမက ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များလည်း တစ်ဆက်တည်းရရှိလာမည်ဖြစ်သည်။ FPTP ဖြင့် ကိုယ်စားလှယ်မရခဲ့လျှင်လည်း PR ဖြင့် အချိုးကျကိုယ်စားလှယ်ရရှိနိုင်သည်။ FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ကောင်းကျိုးများရရှိနိုင်သည့် MMP စနစ်ဖြစ်သည်။ MMP စနစ်ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် FPTP ကြောင့် ဆန္ဒမဲရလဒ်အချိုးမညီမျှမှုကို PR ဖြင့် အစားထိုးဖြည့်ဆည်းနိုင်သည်။ မဲဆန္ဒရှင်များက မိမိနှစ်သက်ရာပါတီနှင့် ကိုယ်စားလှယ်ကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်းရရှိနိုင်သည်။ တိုင်းရင်းသားပါတီများနှင့် လူထုအလွှာအသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက် ကိုယ်စားလှယ်နေရာများ ပိုမိုရရှိပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင်ပါဝင်မှုမြင့်တက်လာမည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသည့် နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံပိုမိုပေါ်လွင်လာမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများအတွက် ဒေသအလိုက်ကိုယ်စားပြုမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီကျင်းပသော ရွေးကောက်ပွဲ၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ အများယုံကြည်လက်ခံသောရွေးကောက်ပွဲအဖြစ် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သော ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့က မှတ်ကျောက်တင်သွားမည်ဖြစ်သည်။ ပြောင်းလဲလိုက်သည့် ရွေးကောက်ပွဲစနစ်သစ်အတွက် နိုင်ငံရေးပါတီများနှင့် ပြည်သူများအတွင်း သိရှိနားလည်ရန်ခက်ခဲနေကြောင်း ကြားသိရသည်။ ရွေးကောက်ပွဲစနစ်သစ်ဟုဆိုသော်လည်း ယခင်က မဲပေးခဲ့သည့် FPTP ပုံစံအတိုင်း မဲပေးရခြင်းသာဖြစ်သည်။ PR မဲဆန္ဒနယ်အတွက် မဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်မည်ဖြစ်သည်။ ရိုးရှင်းသည်။ လွယ်ကူသည်။ ပွင့်လင်းမြင်သာမှုရှိသည်။ အခက်အခဲမရှိပါ။ ရှုပ်ထွေးမှုမရှိပါ။ ကိုယ်စားလှယ်လောင်းများနှင့် ပါတီကရသည့် ခိုင်လုံမဲအချိုးအတိုင်း ကိုယ်စားလှယ်များရရှိမည်။ စနစ်သစ်အတွက် စိုးရိမ်မှုမရှိကြစေလိုကြောင်း ဖော်ပြလိုသည်။ ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် အထောက်အကူဖြစ်စေရန်အလို့ငှာ လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကဝမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းဆောင်ရွက်

ကဝ စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပိုင်ကျုံကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြတ်မွန်က အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သူများဖြစ်လာစေရန်၊ သိသင့်သိထိုက်သည့်အကြောင်းအရာများကိုသိရှိနိုင်ရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာများကိုဖတ်ကြရန်၊ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ကလေးအလုပ်သမားအကြောင်းအသိပညာပေးနံရံကပ်စာစောင်များနှင့် သုတရသစာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်းသိရသည်။ **အောင်ဖြိုးလင်း၊ (၄၁၀)**

# မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်

ကန်ကြီးထောင့် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ရုံးချုပ်မှကြီးမှူး၍ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁၆ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာသီရိသုခ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးစည်သူဝင်းက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဥပဒေအထောက်အကူပြုရေးအဖွဲ့ဝင် ဦးဝင်းမြင့်က မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူများက သင်တန်းအား ဆက်လက်ပို့ချကြသည်။

အဆိုပါသင်တန်းသို့ စာရင်းကောက်ယူမည့်ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၇)

# အမြင့်သို့

❖ တစ်နေရာတည်း
မာကျောမြေသား၊ ကျောက်ချထားသို့
ရွေ့လျားနိုင်ခြင်း၊ စွမ်းမဲ့ကင်းသည့်
တောတွင်းရုက္ခေ သစ်ပင်တွေ။

❖ နေခြည်မခ၊ လင်းမရဘဲ
ညှိုးလျအံကြိတ်၊ မှောင်ပိန်းပိတ်ကာ
လောင်းရိပ်မိနေ သစ်ပင်တွေ။

❖ ကျောက်စွန်းခက်မှာ၊ ကုပ်တွယ်ကာလျှင်
သြဇာမတည်၊ ရေမကြည်နှင့်
မြေဆီငတ်နေ သစ်ပင်တွေ။

❖ ထိုဤများဖြင်၊ ရုက္ခပင်တို့
ရှင်သန်ကြံ့ခိုင်၊ ရပ်တည်နိုင်ရေး
ကိုယ်တိုင်ထူထ၊ ကြိုးလုံ့လဖြင့်
မြေမှတစ်ဆင့်၊ မြင့်ထက်မြင့်အောင်
မျှော်လင့်တက်လှမ်း၊ အံ့မခန်းကို
စူးစမ်းမြင်ရှု၊ သတိပြုလော့။

❖ ကံအားမြှင့်နိုင်၊ ဉာဏ်ပွင့်လှိုင်သည့်
ကြံ့ခိုင်ဝံ့စား၊ အို လူသား ငဲ့
မြောက်မြားသစ်ပင်၊ အားကျမြင်လျက်
မာန်အင်လုံ့လ၊ ကိုယ်ထူထသော်
ဘဝရည်မှန်း၊ မိုးမြင့်စွန်းက
ပန်းတိုင်ဆန္ဒ၊ လူ့အလှကို
မရဘယ်ခါရှိအံ့နည်း။ ။

**သမီးပျို**

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၆။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | ၇။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာ အန္တရာယ် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်း တော်ဝင်ပန်း | ၈။ | ၁၈:၄၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၂:၀၀ | သီချင်းလက်ဆောင် | ၉။ | ၁၈:၅၀ | စိုက်ပျိုးသုတ |
| ၅။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာ အနုပညာ | ၁၀။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ဂါရဝေါစ နိဝါတောစ** |

**MWD Variety Channel** ၁၈-၉-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၁၀:၃၅ | ဖန်တီးသူတို့အနုပညာ | ၃။ | ၁၂:၂၅ | Variety Choice |
| ၂။ | ၁၁:၃၀ | ကဗျာအလှ ရသလွင်ပြင် | ၄။ | ၁၇:၄၅ | အားကစား နည်းသမိုင်းကြောင်း |

# လေ့လာမှတ်သား SCO အပေါ်ထားတဲ့ အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်နဲ့သဘောထားများ




ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation-SCO) ဆိုတာ အဓိပ္ပာယ်များစွာရှိတဲ့၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများစွာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ရှန်ဟိုင်းစိတ်ဓာတ်အပေါ်အခြေခံထားတဲ့ SCO အဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နဲ့ စက်တင်ဘာလ ၁ ရက်တုန်းက တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါပြီ။ အဲဒီအစည်းအဝေးကို အိမ်ရှင်ဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီတို့လိုမျိုး ဂုဏ်သိက္ခာမြင့်မားတဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များကိုယ်တိုင် တက်ရောက်ခြင်းဖြင့် အစည်းအဝေးက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ အောင်မြင်ခဲ့ပါတယ်။ ဒါသည်လည်း SCO အဖွဲ့ရဲ့ စည်းလုံးညီညွတ်မှုအားကို ဖော်ပြနေတာဖြစ်တယ်လို့ဆိုရမှာပါ။

ဒီနေရာမှာ SCO အဖွဲ့တည်ထောင်မှုအတွက်အခြေခံအုတ်မြစ်ဖြစ်တဲ့ ရှန်ဟိုင်းစိတ်ဓာတ်ဆိုတာလေးကို အနည်းငယ်ပြောချင်ပါတယ်။ "ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတာ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးပြုမှု၊ တန်းတူညီမျှမှု၊ ညှိနှိုင်းတိုင်ပင်မှု၊ မတူကွဲပြားတဲ့ယဉ်ကျေးမှုအပေါ်လေးစားမှုနဲ့ ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ဆောင်ရွက်မှုတို့ဖြစ်ပါတယ်။ တကယ်တော့ ရှန်ဟိုင်းစိတ်ဓာတ်ဆိုတာ ဘယ်လိုအဖွဲ့အစည်းမဆိုအတွက်သာမက တစ်နိုင်ငံနဲ့တစ်နိုင်ငံကြားမှာ ရှိသင့်ရှိထိုက်တဲ့ အခြေခံစိတ်ဓာတ်လည်းဖြစ်ပါတယ်။

"ရှန်ဟိုင်းစိတ်ဓာတ်" ဆိုတဲ့အထဲမှာမှ အပြန်အလှန်ယုံကြည်မှုဆိုတာကို ရှေ့တန်းတင်ထားတာကိုကြည့်ခြင်းအားဖြင့်လည်း တစ်ဦးနဲ့တစ်ဦးကြား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြား ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်ကာ အောင်မြင်မှုအသီးအပွင့်များကို အတူတကွ ရယူဆွတ်ခူး ပိုင်ဆိုင်နိုင်စေဖို့အတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ လက်ရှိ SCO အဖွဲ့ဝင်နိုင်ငံများကြားမှာသာမက အဖွဲ့ဝင်နိုင်ငံများနဲ့ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများကြားမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတွေကို အောင်မြင်စွာဆောင်ရွက်နိုင်နေတာဟာ အပြန်အလှန်ယုံကြည်မှုကြောင့်ပါပဲ။

အပြန်အလှန်ယုံကြည်မှုရှိတဲ့အတွက် SCO အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ၂၄ နှစ်ကျော်ကာလအတွင်းမှာ ယူရေးရှားဒေသတစ်လျှောက်မှာရှိတဲ့ နိုင်ငံများကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုတွေမှာ အောင်မြင်မှုများစွာရရှိခဲ့ပါတယ်။ ဒီနေရာမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေသူက SCO အဖွဲ့ကိုယ်တိုင်ပါပဲ။ ဒီလိုမျိုး အဓိကအခန်းကဏ္ဍကနေပါဝင်နေတဲ့ SCO အဖွဲ့အပေါ်ထားတဲ့သဘောထားက တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ လေ့လာမှတ်သားမိတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ရည်မှန်းချက်နဲ့ သဘောထားကို တင်ပြသွားလိုပါတယ်။ အဲဒီနိုင်ငံကတော့ အိန္ဒိယနိုင်ငံပါပဲ။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက SCO ထိပ်သီးအစည်းအဝေးမှာမိန့်ခွန်းပြောတဲ့အခါ SCO အဖွဲ့အပေါ် အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်များနဲ့ မူဝါဒများက လုံခြုံရေး (S-Security)၊ ဆက်သွယ်ရေး (C-Connectivity)၊ အခွင့်အလမ်း (O-Opportunity) ဆိုတဲ့ အဓိကမဏ္ဍိုင်သုံးရပ်အပေါ်အခြေခံထားတယ်လို့ ဆိုပါတယ်၊ ဒါက တော်တော်လေးအဓိပ္ပာယ်ပြည့်ဝတယ်လို့မြင်မိပါတယ်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုရှိစေဖို့အတွက် လုံခြုံရေးက အခရာကျပါတယ်။ လုံခြုံရေးကောင်းမွန်တဲ့အခါ တစ်ဦးနဲ့တစ်ဦးကြား အပြန်အလှန်ဆက်သွယ်မှုများကိုကောင်းစွာလုပ်ဆောင်နိုင်မှာဖြစ်ပြီး အဲဒီကနေမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာမှာပါ။

လက်ရှိနိုင်ငံတကာကရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုများထဲမှာ လုံခြုံရေးနဲ့စပ်လျဉ်းတဲ့ အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနဲ့ အစွန်းရောက်ဝါဒတို့က ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ ကြီးမားတဲ့အဟန့်အတားတစ်ခုဖြစ်နေပါတယ်။ အထူးသဖြင့် အကြမ်းဖက်ဝါဒဆိုတာ လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ခြိမ်းခြောက်နေတာပါ။ အကြမ်းဖက်ဝါဒကိုစွဲကိုင်ထားတဲ့ အကြမ်းဖက်သမားဆိုသူများရဲ့ဦးတည်ချက်က တစ်ခုတည်းရှိပါတယ်၊ အဲဒါကတော့ အလုံးစုံပျက်သုဉ်းရေးပါ။ အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ထားတဲ့ အကြမ်းဖက်သမားတွေကိုချေမှုန်းဖို့ဆိုရင် တစ်ဦးတစ်ယောက်ချင်းမှသည် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်းကြား စည်းလုံးညီညွတ်မှုရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း အိန္ဒိယနိုင်ငံက အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရာမှာ စည်းလုံးညီညွတ်မှုရဲ့အရေးပါပုံကို အစဉ်တစိုက်အလေးပေးပြောကြားခဲ့တာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရဲ့မိန့်ခွန်းမှာ ဖော်ပြထားတာတွေ့ရပါတယ်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အနေနဲ့ အခုလိုမျိုးပြောရခြင်းက အကြောင်းရင်းရှိပါတယ်၊ အိန္ဒိယနိုင်ငံက ပြီးခဲ့တဲ့နှစ်ပေါင်း ၄၀ အတွင်း အကြမ်းဖက်ဝါဒရဲ့ရက်စက်ကြမ်းကြုတ်မှုကို ခံစားခဲ့ရတဲ့နိုင်ငံပါ။ အဲဒီကာလအတွင်းမှာ အားကိုးစရာလင်ယောကျ်ားမဲ့သွားတဲ့၊ ချစ်ကြည်နူးစရာသားသမီးများကိုဆုံးရှုံးလိုက်ရတဲ့ အမျိုးသမီးများ၊ ရွှေတောင်ကြီးပြိုလဲသလိုမျိုး မိဘနှစ်ပါးစလုံးကိုဆုံးရှုံးလိုက်ရတဲ့ကလေးငယ်များစွာရှိခဲ့ပါတယ်။ မကြာသေးမီကဆိုရင်ပဲ အိန္ဒိယနိုင်ငံ ပါဟယ်ဂမ်ဒေသမှာ အကြမ်းဖက်တိုက်ခိုက်မှုကြီးတစ်ခုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပြီဆိုတာနဲ့ ဒါဟာ တစ်မျိုးသားလုံးအတွက် စိန်ခေါ်မှုကြီးအဖြစ်မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်ဝါဒနဲ့ပတ်သက်လာရင် ခွဲခြားပြီးကျင့်သုံးတဲ့စံနှုန်းထားရှိခြင်းက လက်ခံနိုင်စရာမရှိကြောင်း၊ ဒီလိုစံနှုန်းထားရှိခြင်းကို ပြတ်သားစွာနဲ့ ညီညွတ်မှုရှိစွာ ဆန့်ကျင်ရပ်တည်ရန်လိုကြောင်း၊ ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမယ့်တာဝန်က အားလုံးအတူတကွထမ်းဆောင်ရမယ့်တာဝန်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က အလေးပေးပြောခဲ့တာတွေ့ရပါတယ်။

နောက်ထပ်မဏ္ဍိုင်တစ်ခုကတော့ ဆက်သွယ်မှုဆိုတဲ့မဏ္ဍိုင်ဖြစ်ပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားဆက်သွယ်မှုက အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံထားပါတယ်၊ လူတစ်ဦးနဲ့တစ်ဦးကြား၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြား ကောင်းမွန်ခိုင်မာမှုရှိတဲ့ ဆက်သွယ်မှုက အပြန်အလှန်ကုန်သွယ်မှုကို ချောမွေ့စေရုံသာမက ယုံကြည်မှုနဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း တံခါးဖွင့်ပေးရာရောက်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမျိုးဆက်သွယ်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုတိုင်းမှာမဆို အချုပ်အခြာအာဏာနဲ့နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို မဖြစ်မနေလေးစားရမှာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံကယုံကြည်ထားပါတယ်၊ ဒါကြောင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီက "**နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီးလုပ်ဆောင်သည့်ဆက်သွယ်မှုမျိုးသည် ယုံကြည်မှုနှင့်အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမည်ဖြစ်သည်**" ဆိုပြီး အလေးပေးပြောခဲ့တာပါ။

**"နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီး လုပ်ဆောင်သည့် ဆက်သွယ်မှုမျိုးသည် ယုံကြည်မှုနှင့်အဓိပ္ပာယ်ရှိမှုတို့ကိုထိခိုက်ပျောက်ဆုံးစေမည်ဖြစ်သည်"**

တတိယမဏ္ဍိုင်ဖြစ်တဲ့ အခွင့်အလမ်းဆိုတာက ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အခွင့်အလမ်းကိုဆိုလိုတာဖြစ်တယ်လို့ အိန္ဒိယဝန်ကြီးချုပ်က ပြောပါတယ်။ လုံခြုံရေးဆိုတာရှိလာရင် ဆက်သွယ်မှုကိုလုပ်လာနိုင်ပါမယ်။ ဆက်သွယ်မှုလုပ်ဆောင်နိုင်မှုနဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်လာမယ်။ တစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကိုရယူပြီး ကိုယ့်နိုင်ငံရဲ့အခြေအနေများနဲ့ကိုက်ညီမယ့် နည်းလမ်းကိုကျင့်သုံးခြင်းအားဖြင့် သမားရိုးကျနည်းလမ်းကနေခွဲထွက်ပြီး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံက နယ်ပယ်စုံ၊ ကဏ္ဍစုံနဲ့ပတ်သက်ပြီး SCO အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ခဲ့ပါတယ်။ လူငယ်များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များကြား ပူးပေါင်းဆောင်ရွက်မှုအတွက်လိုအပ်တဲ့ တံတားတစ်စင်းကိုထိုးပေးနိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ လက်ရှိစွဲကိုင်ထားတဲ့ဆောင်ပုဒ်က "ပြုပြင်၊ ဆောင်ရွက်၊ ပြောင်းလဲ" ဆိုတဲ့ဆောင်ပုဒ်ဖြစ်ပါတယ်။ အဲဒီဆောင်ပုဒ်အတိုင်းပဲ ရှေ့ဆက်လျှောက်လှမ်းသွားနေတယ်လို့ အိန္ဒိယဝန်ကြီးချုပ်ကဆိုပါတယ်။ ဆိုလိုတာက ကိုဗစ်ကပ်ရောဂါနဲ့တွေ့တွေ့၊ ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုနဲ့တွေ့တွေ့ အခက်အခဲအတားအဆီးတိုင်းကို အခွင့်အလမ်းများအဖြစ်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမှာပါ။ ဒါကြောင့် အိန္ဒိယနိုင်ငံက ကျယ်ပြန့်လှတဲ့နယ်ပယ်ပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုများစွာကို ဖော်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခြင်းကြောင့်ပဲ နိုင်ငံအတွင်းမှာသာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာပါ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာကို လမ်းဖွင့်ပေးနိုင်တာဖြစ်တယ်လို့လည်း အိန္ဒိယဝန်ကြီးချုပ်ကပြောထားပါတယ်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီရဲ့ SCO ထိပ်သီးအစည်းအဝေးမှာ ပြောဆိုခဲ့တဲ့ မိန့်ခွန်းကိုပြန်ခြုံကြည့်ရင် အားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ အဓိကစိန်ခေါ်မှုဖြစ်နေတဲ့ လုံခြုံရေးရဲ့အရေးပါမှု၊ ဆက်သွယ်မှုရဲ့တန်ဖိုးနဲ့ အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်တဲ့ အကျိုးများကို အဓိကထားပြီးပြောသွားတာတွေ့ရပါတယ်။ မှတ်သားရတဲ့စကားတချို့ကတော့ "ဘယ်လိုအကြမ်းဖက်မှုမျိုးကိုမဆို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမယ့်တာဝန်က အားလုံးအတူတကွထမ်းဆောင်ရမယ့်တာဝန်ဖြစ်တယ်"၊ "နိုင်ငံတစ်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကျော်လွန်ရှောင်လွှဲပြီးလုပ်ဆောင်တဲ့ ဆက်သွယ်မှုမျိုးက ယုံကြည်မှုနဲ့ အဓိပ္ပာယ်ရှိမှုတို့ကို ထိခိုက်ပျောက်ဆုံးစေမယ်"၊ "ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခြင်းကြောင့်ပဲ နိုင်ငံအတွင်းမှာသာမက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှာပါ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများစွာကို လမ်းဖွင့်ပေးနိုင်တာဖြစ်တယ်" ဆိုတဲ့စကားများဖြစ်ကြောင်း လေ့လာမှတ်သားဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

**Ref: NDTV**

**ထက်မြတ်**

# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ (၇၅)နှစ်မြောက် မွေးနေ့ကျင်းပ၊ နိုင်ငံတကာမှခေါင်းဆောင်များ၊ အဖွဲ့အစည်းများက မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့







နေပြည်တော် စက်တင်ဘာ ၁၇

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီသည် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၁၇ ရက်နေ့က မွေးဖွားခဲ့ပြီး ယနေ့တွင် ၇၅ နှစ် ပြည့်မြောက်ခဲ့ကြောင်း။

အဆိုပါ အိန္ဒိယဝန်ကြီးချုပ်၏မွေးနေ့ပွဲကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယနိုင်ငံ Madhya Pradesh ပြည်နယ် Dhar မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း။

ယနေ့တွင်ကျရောက်သည့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏မွေးနေ့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် အမေရိကန်ပြည်ထောင်စု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံ စသည့်နိုင်ငံများနှင့်နိုင်ငံတကာမှခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း မွေးနေ့ဆုတောင်းစကားများ အသီးသီးပေးပို့ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ DD News သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။

မြဝတီ

## Alibaba စီးပွားရေးလုပ်ငန်းစုက Hello ကုမ္ပဏီ၌ ရင်းနှီးမြှုပ်နှံခြင်းဖြင့် Robotaxi ဈေးကွက်သို့ဝင်ရောက်




ပေကျင်း၊ စီးပွားရေး

တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်သည့် Alibaba ကုမ္ပဏီသည် အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီဖြစ်သည့် Hello ကုမ္ပဏီတွင် ပါဝင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မောင်းသူမဲ့တက္ကစီ (Robotaxi) ဈေးကွက်သို့ဝင်ရောက်လာပြီဖြစ်ကြောင်းသိရသည်။ Robotaxi ဈေးကွက်သည်ဉာဏ်ရည်တုနည်းပညာ (AI) ကိုအသုံးချပြီးစီးပွားရှာရာတွင် အာမခံချက်ရှိကာ အကျိုးအမြတ်များသောဈေးကွက်တစ်ခုဖြစ်သည်။

Alibaba ကုမ္ပဏီအနေဖြင့် Robotaxi များ အရည်အသွေးပြည့်ဝစွာပြေးဆွဲနိုင်စေရေးနှင့် Robotaxi များကို စီးပွားဖြစ်ထုတ်လုပ်နိုင်စေရေးတို့အတွက် မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုကို လုပ်ဆောင်လိုက်ပြီဖြစ်ကြောင်း Hello ကုမ္ပဏီက စက်တင်ဘာလ ၁၇ ရက်တွင်ထုတ်ပြန်ထားသည်။ သို့သော် ရင်းနှီးမြှုပ်နှံမှုပမာဏကိုမူ ထုတ်ဖော်ပြောထားခြင်းမရှိကြောင်း တွေ့ရသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူချက်အရ Hello ကုမ္ပဏီသည် မောင်းသူမဲ့ယာဉ်များအတွက် အဆင့်မြင့်နည်းပညာများကို ထုတ်လုပ်ပေးသွားရမည်ဖြစ်သည်။ Hello ကုမ္ပဏီအနေဖြင့် ကိုယ်ပိုင် Robotaxi ဖြစ်သည့် Hello Robot1 ကို အောင်မြင်စွာထုတ်လုပ်ထားနိုင်ပြီးနောက် Alibaba ကုမ္ပဏီက ယခုကဲ့သို့ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းဖြစ်သည်။

Hello ကုမ္ပဏီသည် အဓိကရှယ်ယာရှင်ဖြစ်သည့် Ant စီးပွားရေးလုပ်ငန်းစုနှင့် ကမ္ဘာ့အကြီးဆုံးသော လျှပ်စစ်စွမ်းအင်သုံးယာဉ်များအတွက် ဘက်ထရီထုတ်လုပ်နေသော Contemporary Amperex Techn-ology ကုမ္ပဏီတို့နှင့်ပူးပေါင်းကာ ပဏာမရင်းနှီးမြှုပ်နှံမှုပမာဏ ယွမ်သုံးဘီလီယံဖြင့် Robotaxi စီးပွားရေးလုပ်ငန်းကို ဇွန်လတွင်စတင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ရှိ နည်းပညာကုမ္ပဏီကြီးများက မောင်းသူမဲ့တက္ကစီများကို စီးပွားဖြစ် တွင်ကျယ်စွာထုတ်လုပ်အသုံးပြုနိုင်စေရေး ယှဉ်ပြိုင်နေစဉ် ကမ္ဘာကျော်စီးပွားရေးအင်အားစုကြီးက ယခုကဲ့သို့ရင်းနှီးမြှုပ်နှံမှုများကိုလုပ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: SCMP

## ထိုင်းရဲတပ်ဖွဲ့ဝင်များက ကမ္ဘောဒီးယားလူအုပ်ကြီးကို ဖြိုခွဲရဟုဆို

ဘန်ကောက်၊ ပြည်တွင်းရေး

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြားရှိ ဟော့ဆုန်ခရိုင်၌ ထိုင်းနိုင်ငံက ချထားသည့် နယ်ခြားအတားအဆီးများကို ဖျက်ဆီးကာ ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များကိုတိုက်ခိုက်မှုများလုပ်ခဲ့သည့် ကမ္ဘောဒီးယားလူအုပ်ကြီးကို ထိုင်းရဲတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများအသုံးပြု၍ဖြိုခွဲခဲ့ရကြောင်း ထိုင်းနိုင်ငံတာဝန်ရှိသူများက စက်တင်ဘာလ ၁၇ ရက်တွင်ထုတ်ပြန်သည်။

ကမ္ဘောဒီးယားပြည်သူများသည် ထိုင်းဘက်ကချထားသော နယ်စပ်အတားအဆီးများကိုဖျက်ဆီးပြီး ဖယ်ရှားခြင်းများလုပ်ဆောင်ကြောင်း၊ ထို့ကြောင့် ထိုင်းတာဝန်ရှိသူများက တရားဝင်ကန့်ကွက်စာထုတ်ပြန်ထားကြောင်း၊ ဆာကောင်းပြည်နယ်ရဲတပ်ဖွဲ့မှူးက အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များကို ထိုနေရာသို့စေလွှတ်၍ အခြေအနေကိုထိန်းသိမ်းကာ ကျူးကျော်လာသူများကိုဖမ်းဆီးရန်ညွှန်ကြားထားကြောင်း တာဝန်ရှိသူများကပြောသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားပြည်သူအနည်းဆုံး ၂၃ ဦးဒဏ်ရာရရှိထားကြောင်း ကမ္ဘောဒီးယားတာဝန်ရှိသူများကထုတ်ပြန်ထားသည်။ ယခုဖြစ်ပွားသည့် ပဋိပက္ခသည် နှစ်နိုင်ငံကြားအပစ်အခတ်ရပ်စဲမှုသဘောတူညီချက်ရရှိပြီးနောက် ပထမဆုံးဖြစ်ပွားခြင်းဖြစ်သည်။

Ref: BP, AGC

## အပူချိန်မြင့်တက်မှုကြောင့် ဥရောပဒေသ၌ နွေရာသီအတွင်း သေဆုံးသူ ၁၆၅၀၀ ခန့်ရှိနိုင်

ပဲရစ်၊ ရာသီဥတု

လူသားများကြောင့်ဖြစ်သည့် ရာသီဥတုပြောင်းလဲမှုများကြောင့် အပူချိန်မြင့်တက်မှုများဖြစ်ပေါ်လာသည့်အတွက် ဥရောပဒေသ၌ နွေရာသီအတွင်းသေဆုံးသူပေါင်း ၁၆၅၀၀ ခန့်ရှိနိုင်သည်ဟုခန့်မှန်းကြောင်း သိပ္ပံပညာရှင်များက စက်တင်ဘာလ ၁၇ ရက်တွင်ပြောသည်။

ယခုခန့်မှန်းချက်သည် ဥရောပဒေသရှိ မြို့များတွင် အမှန်တကယ်သေဆုံးခဲ့သူများဖြစ်သည်ဟုမဆိုနိုင်ကြောင်း၊ ယခင်လုပ်ဆောင်ခဲ့သော သုတေသနများတွင် အသုံးပြုသည့်နည်းလမ်းများကိုသုံးကာ သေဆုံးနိုင်သူအရေအတွက်ကို ခန့်မှန်းတွက်ချက်ထားခြင်းသာဖြစ်ကြောင်း ပညာရှင်များ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါခန့်မှန်းချက်များအရ ရောမမြို့သည် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၈၃၅ ဦးဖြင့်အများဆုံးဖြစ်ပြီး အေသင်မြို့က သေဆုံးသူ ၆၃၀ နှင့် ပဲရစ်မြို့က သေဆုံးသူ ၄၀၉ ဦးတို့ဖြင့် ရပ်တည်နေကြောင်းတွေ့ရသည်။

ထို့ပြင် ခန့်မှန်းသေဆုံးသူများအနက် ၈၅ ရာခိုင်နှုန်းသည် အသက် ၆၅ နှစ်အထက်ရှိသူများဖြစ်ကြောင်း၊ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ကြား ပြောင်းလဲမှုပင်လျှင် လူ့အသက်များစွာအတွက်ကြီးစွာသောပြောင်းလဲမှုကိုဖြစ်စေနိုင်ကြောင်းသိရသည်။

Ref: BP

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ်၊ ၃၈/၂၀၂၅**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဝင်းမြင့်

(၂) ဒေါ်စိုးခက်ခက်

(၃) ဒေါ်သင်းသင်းချို

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

## တာဝန်မှအနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ်၊ ၃၉/၂၀၂၅**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးညိုထွန်းအား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚C / | ၃၄˚C |
| ရန်ကုန် | ၂၅˚C / | ၃၃˚C |
| မန္တလေး | ၂၆˚C / | ၃၄˚C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**၁၇-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

**သတ်မှတ်ရေးကော်မတီ**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပြည်သူများအား မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့မျက်စိခွဲစိတ်ကုသပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် မြို့နယ်ရှစ်မြို့နယ် အတွင်းတွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အဆင့်အခြေခံပညာကျောင်းသားအားကစားပွဲတော်နှင့် အာဆီယံကျောင်းသား အားကစားပွဲတော် (ASEAN School Games)များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ နေပြည်တော်အဆင့်ပြိုင်ပွဲများကို ပဏာမကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပျဉ်းမနားမှ ကျောင်းသား၊ ကျောင်းသူများက ကိုယ်ကာယကြံ့ခိုင်မှု အတွဲအမှတ် (၃)၊ (၄)နှင့် Physical Fitness Exercise (PE –22) ကကွက်များဖြင့် သရုပ်ပြဖျော်ဖြေ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများက အေရိုးဗစ်အကဖြင့် ဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဘင်ခရာ



အဖွဲ့နှင့် ပန်းဖွားအကဖြင့်ဖျော်ဖြေတင်ဆက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ငွေများပေးအပ်၍ ဘောလုံးအားကစားယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သဲဖြူဆရာတော်ကြီးအားအမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှု၊ နေပြည်တော်ကောင်စီ၏ပံ့ပိုးမှုနှင့်အလှူရှင်များ၏လှူဒါန်းမှုများဖြင့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီး၌ နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးမှ ပါမောက္ခ(မျက်စိ)နှင့် မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့မျက်စိခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူများအား နေကာမျက်မှန်၊ ပါဝါမျက်မှန်များနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆေးရုံအစည်းအဝေးခန်းမ၌ အခမဲ့မျက်စိခွဲစိတ်ကုသလှူဒါန်းမှုအတွက် တရားနာရေစက်ချအလှူပြုလုပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

## စစ်ကိုင်းတိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးတက်ရေးစီမံကိန်းများမှ လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်ထူးချွန်ဆုများပေးအပ်

မုံရွာ စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများမှ လုပ်ငန်းထူထောင်လိုသည့် ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်ထူးချွန်ဆုများပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခဲ့သည့်မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ထူးချွန်သင်တန်းသူများကိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းခင်းကျင်းပြသထားသည့် ထူးချွန်သင်တန်းသူများကို ပေးအပ်ချီးမြှင့်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ခြေနင်းအပ်ချုပ်စက်များ၊ ဆပ်ပြာရည်ဖျော်စက်များ၊ ဆက်စပ်ပစ္စည်းများနှင့် သင်တန်းသူများကိုယ်တိုင် ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ လူသုံးကုန်ဆပ်ပြာရည်အမျိုးမျိုးတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး(၈/၂၀၂၅)သို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခွင့်ပြုရေး၊ ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ၏ မြေရေိယာလျှော့ချပြင်ဆင်ခွင့်ပြုရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသော ကုမ္ပဏီလုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

# နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်း

**"နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်လို့ရပါတယ်။ အစားအသောက်၊ အနေအထိုင်ထိန်းသိမ်းမှုနဲ့ ကာကွယ်နိုင်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်ကိုသာ စားသုံးသင့်တယ်။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းတဲ့အစာတွေ ကိုရှောင်ကြဉ်သင့်တယ်။ တစ်နေ့တာ အစား အသောက်ထဲမှာ သစ်သီးနဲ့ဟင်းသီးဟင်းရွက် အနည်းဆုံးငါးမျိုး ၂၀ ရာခိုင်နှုန်းခန့်ပါဝင်အောင် စားသုံးသင့်တယ် . . ."**

နှလုံးသွေးကြောကျဉ်းရောဂါက လူတွေသေဆုံးရခြင်းအကြောင်းရင်းတွေထဲက အဖြစ်အများဆုံးအကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ နှလုံးက ခန္ဓာကိုယ်တစ်ခုလုံးကို လိုအပ်တဲ့သွေးတွေရရှိအောင် ပို့ဆောင်ပေးတာမှန်ပေမယ့် နှလုံးကိုယ်တိုင်ကလည်း သွေးထောက်ပံ့မှုရရှိဖို့လိုအပ်ပါတယ်။ နှလုံးကိုထောက်ပံ့နေတဲ့ အဓိကသွေးလွှတ်ကြော၊ သွေးထဲက တစ်ခုခုရောဂါဖြစ်တာ ဒါမှမဟုတ် ပျက်စီးတဲ့အခါ နှလုံးစွမ်းဆောင်ရည်ကျဆင်းလာပြီး နောက်ဆက်တွဲဆိုးကျိုးတွေ အများကြီးဖြစ်စေတယ်။ ကိုလက်စထရောအဆီပါဝင်တဲ့အနည်တွေ သွေးကြောမှာစုပုံလာရာက သွေးကြောတွေရောင်ရမ်းလာပါတယ်။ အဲဒီနောက် နှလုံးသွေးကြောကျဉ်းစေပါတယ်။ နှလုံးကိုထောက်ပံ့ပေးနေတဲ့ သွေးလွှတ်ကြောတွေက နှလုံးဆီကို သွေးလုံလုံလောက်လောက်မပို့နိုင်တော့ပါဘူး။ အဲဒီအခါ ရင်ဘတ်အောင့်ခြင်း၊ မောခြင်း၊ အသက်ရှူကျပ်ခြင်းနဲ့ တခြားလက္ခဏာအပြင် အသက်သေဆုံးတဲ့အထိဖြစ်စေနိုင်ပါတယ်။

နှလုံးသွေးကြောကျဉ်းရောဂါက ရုတ်တရက်ဖြစ်တဲ့ရောဂါမျိုးမဟုတ်ဘဲ ဖြည်းဖြည်းချင်းတည်ဆောက်ပြီးမှဖြစ်တဲ့ရောဂါဖြစ်လို့ ရောဂါတော်တော်ရင့်မှ ဒါမှမဟုတ် သွေးကြောပိတ်မှ သတိထားမိတာမျိုးဖြစ်တတ်တယ်။ ဒါပေမဲ့ မဖြစ်ခင်က ကြိုတင်ကာကွယ်နိုင်တဲ့နည်းလမ်းတွေရှိပါတယ်။

**ရောဂါလက္ခဏာများ**

နှလုံးကိုသွေးပို့ပေးနေတဲ့ သွေးလွှတ်ကြောတွေကျဉ်းသွားတဲ့အခါ နှလုံးဆီကိုအောက်ဆီဂျင်ကြွယ်ဝတဲ့သွေးတွေ အလုံအလောက်မပို့နိုင်တော့ပါဘူး။ အထူးသဖြင့် ပုံမှန်ထက် အောက်ဆီဂျင်ပိုလိုတဲ့အခြေအနေမျိုး ဥပမာ-လေ့ကျင့်ခန်းလုပ်နေချိန်မျိုးမှာ ပိုပြီးသိသာပါတယ်။ ရောဂါလက္ခဏာတွေပေါ်တတ်တယ်။

**ရင်ဘတ်အောင့်ခြင်း**

နှလုံးသွေးကြောကျဉ်းတာကြောင့်ဖြစ်တဲ့ ရင်ဘတ်အောင့်တဲ့ပုံစံက များသောအားဖြင့် တုံးအလေးကြီးနဲ့ဖိခံထားရသလို တင်းတင်းကျပ်ကျပ်အောင့်တဲ့ပုံစံမျိုးဖြစ်တတ်တယ်။ ရင်ဘတ်အလယ် ဒါမှမဟုတ် ဘယ်ဘက်ခြမ်းမှာအောင့်တတ်ပါတယ်။ ခန္ဓာကိုယ်ဖိအား ဒါမှမဟုတ် စိတ်ဖိအားများတဲ့အချိန်မျိုးမှာ ပိုဖြစ်တတ်ပါတယ်။

**မောခြင်းနဲ့အသက်ရှူမဝခြင်း**

နှလုံးက ခန္ဓာကိုယ်ထဲကလိုအပ်တဲ့သွေးကို လုံလုံလောက်လောက် မထောက်ပံ့နိုင်တဲ့အခါ ခန္ဓာကိုယ်ထဲမှာ အောက်ဆီဂျင်ကျလာပြီး မောတာ၊ ကျပ်တာ၊ အသက်ရှူမဝသလိုခံစားရတာကြောင့် လှုပ်လှုပ်ရှားရှားလုပ်ရင်၊ အာရုံစိုက်အလုပ်လုပ်ရင် အားကုန်သလိုခံစားရပါတယ်။

**နှလုံးတိုက်ခိုက်ခံရခြင်း ဒါမှမဟုတ် နှလုံးအလုပ်မလုပ်နိုင်ခြင်း**

နှလုံးသွေးကြောကကျဉ်းရုံမက ပိတ်သွားပြီဆိုရင် နှလုံးတိုက်ခိုက်ခံရခြင်း ဒါမှမဟုတ် နှလုံးအလုပ်မလုပ်နိုင်တော့ခြင်းဖြစ်ပါတယ်။အဲဒီအခါ ပုံမှန်ထက်ပိုပြီး အလွန်အမင်းရင်ဘတ်အောင့်တာ၊ ပခုံး ဒါမှမဟုတ် လက်မောင်းနာကျင်တာ၊ မေးရိုးနာကျင်တာတွေဖြစ်နိုင်သလို တစ်ခါတစ်ရံမှာ ဘာလက္ခဏာမှမပြတာမျိုးရှိနိုင်ပါတယ်။

နှလုံးသွေးကြောကျဉ်းရတာက အတွင်းဆုံးအလွှာကိုထိခိုက်မှုကနေစပြီးဖြစ်တာပါ။ တစ်ခါတစ်ရံမှာ ကလေးဘဝကတည်းကစပြီး သွေးကြောအတွင်းဆုံးအလွှာထိခိုက်တာမျိုးရှိနိုင်ပါတယ်။ ဒီအချက် တွေက နှလုံးသွေးကြောကျဉ်းခြင်းရဲ့ အဓိကအချက်တွေဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်း၊ သွေးတိုးရောဂါရှိခြင်း၊ သွေးတွင်းကိုလက်စထရောများခြင်း၊ ဆီးချိုသွေးချိုရောဂါရှိခြင်း၊ လှုပ်ရှားမှုနည်းပါးတဲ့နေထိုင်မှုပုံစံရှိခြင်း၊ အသက်ကြီးခြင်း၊ အမျိုးသားတွေမှာ အမျိုးသမီးတွေထက် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေပိုများပါတယ်။ မျိုးရိုးရှိခြင်း၊ အဝလွန်ခြင်းစတာတွေဖြစ်တယ်။

နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်တဲ့အခါ ရင်ဘတ်အောင့်ခြင်းဆိုးရွားတာ၊ စုပ်ဆွဲထားသလိုခံစားရတာ၊ လေးလံတာ၊ ဇောချွေးပြန်တာ၊ အသက်ရှူကျပ်မောလာတာ၊ အသက်ရှူမဝတာ၊ အင်အားမရှိ၊ နုံးချည့်သွားတာ၊ အစာမကြေရင်ပြည့်ရင်ကယ်ဖြစ်တာ၊ ပျို့အန်တာနဲ့ တုပ်ကွေးမိသလိုခံစားရတာ အထူးသဖြင့် အမျိုးသမီးတွေမှာဖြစ်နိုင်ပါတယ်။

ရင်ဘတ်အောင့်တဲ့ပုံစံက ရင်ဝအလယ်၊ ပခုံး၊ မေးကြောတွေမှာအောင့်တာဖြစ်နိုင်တယ်။ ချက်အောက်ပိုင်းကလာတဲ့ နာကျင်မှုက နှလုံးသွေးကြောပိတ်ရောဂါနဲ့ လုံးဝမသက်ဆိုင်ပါဘူး။ ချက်အထက်ပိုင်းရင်ဘတ်အောင့်တာဖြစ်ပေါ်ရင် နှလုံးရောဂါနဲ့သက်ဆိုင်တဲ့နာကျင်မှုလို့ သံသယရှိသင့်ပါတယ်။

နှလုံးရောဂါကြောင့် ရင်ဘတ်အောင့်တာက ကိုယ်လက်လှုပ်ရှားမှုအပြင်းအထန်လုပ်တာ၊ လှေကားတက်တာ၊ ရာသီဥတုအေးတာ၊ ရာသီဥတုပူတာ၊ အစာစားပြီးစ လမ်းလျှောက်တာ၊ အေးတဲ့ရာသီဥတုမှာ ကုန်းမြင့်တက်လမ်းလျှောက်တာ၊ စိတ်ဖိစီးမှုများတာကြောင့် ပိုဆိုးတတ်ပါတယ်။ အနားယူတာ၊ သွေးကြောချဲ့ဆေးငုံလိုက်တာ၊ သွေးကြောချဲ့ဆေးလျှာအောက်ဖျန်းတာတွေပြုလုပ်ပေးမယ်ဆိုရင် သက်သာသွားပါလိမ့်မယ်။

နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်ရောဂါအဖြစ်များသူတွေက အသက် ၄၀ ကျော်သူတွေ၊ မျိုးရိုးအတွင်း ငယ်ငယ်ရွယ်ရွယ်နဲ့ နှလုံးသွေးကြောကျဉ်းရောဂါရှိသူတွေ၊ အမျိုးသား ၅၅ နှစ်မတိုင်မီ၊ ဆေးလိပ်သောက်သူတွေ၊ ကွမ်းစားသူတွေ၊ အရက်၊ ဘီယာ အလွန်အကျွံသောက်သူတွေ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူတွေ၊ သွေးတိုးရောဂါရှိသူတွေ၊ သွေးအတွင်းအဆီဓာတ်များသူတွေ၊ သွေးချိုဆီးချိုရောဂါရှိသူတွေ၊ အဝလွန်သူတွေနဲ့စိတ်ဖိစီးမှုများသူတွေမှာ နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်ရောဂါ ဖြစ်နိုင်ခြေများပါတယ်။

နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်လို့ရပါတယ်။ အစားအသောက်၊ အနေအထိုင်ထိန်းသိမ်းမှုနဲ့ ကာကွယ်နိုင်ပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအသောက်ကိုသာ စားသုံးသင့်တယ်။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းတဲ့အစာတွေကို ရှောင်ကြဉ်သင့်တယ်။ တစ်နေ့တာအစားအသောက်ထဲမှာ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်အနည်းဆုံးငါးမျိုး ၂၀ ရာခိုင်နှုန်းခန့်ပါဝင်အောင် စားသုံးသင့်တယ်။ အမျှင်ဓာတ်များတဲ့ အစာတွေစားသုံးသင့်တယ်။ အထူးပြုပြင်ထားတာမျိုးမရှိတဲ့ အစေ့အဆန်၊ အခွံမာသီးကရတဲ့ အစေ့အဆန်တွေ စားသုံးသင့်ပါတယ်။ ဥပမာ-ဆန်လုံးညို၊ သီဟိုဠ်စေ့၊ ဗာဒံစေ့၊ သစ်ကြားသီး၊ ငါးကိုအနည်းဆုံး တစ်ပတ်နှစ်ရက် စားသင့်တယ်။

ချိုလွန်း၊ ငန်လွန်းတဲ့အစားအစာတွေကို ရှောင်ကြဉ်သင့်ပါတယ်။ အဆီများလွန်းတဲ့အစားအစာတွေကို ရှောင်ကြဉ်သင့်ပါတယ်။ အထူးသဖြင့် ပြည့်ဝဆီနဲ့ ပုံပြောင်း၊ ပြန်ကြော်ဆီပါဝင်တဲ့အစားအစာတွေကို ရှောင်ကြဉ်သင့်ပါတယ်။ ကာလကြာရှည်အစားအစာတွေ၊ အသင့်အမြန်စားအစာတွေ၊ ဆီကြော်မုန့်တွေထဲမှာ ပုံပြောင်းဆီတွေများစွာပါဝင်ပါတယ်။ ပုံပြောင်းဆီက အရည်ဆီကနေပိုတည်ငြိမ်တဲ့အခဲသဏ္ဍာန်ကို ပြောင်းရာကာလအတွင်း ဖြစ်ပေါ်လာတယ်။

နှလုံးကျန်းမာပြီး ရောဂါတွေကင်းစင်အောင်ကျန်းမာရေးနဲ့ညီညွတ်တဲ့မပြည့်ဝဆီ၊ နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီ၊ သံလွင်ဆီသုံးသင့်ပါတယ်။ ဆဲလ်မွန်ငါးလိုအဆီများတဲ့ပင်လယ်ငါးတွေ၊ ဗာဒံစေ့တို့က မပြည့်ဝဆီဖြစ်တယ်။ သွေးအတွင်းမကောင်းတဲ့အဆီဓာတ်နဲ့ ကိုလက်စထရောလျှော့ချစေနိုင်တဲ့ရလဒ်ရှိတဲ့အတွက် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှုကို လျှော့နည်းစေပါတယ်။

ရေဆာရင်ရေသာသောက်သင့်ပါတယ်။ အရက်၊ ဘီယာမသောက်သင့်ပါဘူး။ အရက်၊ ဘီယာက ခန္ဓာကိုယ်တွင်းရေဓာတ်ကို အမြန်ဆုံးညစ်နွမ်းစေလို့ ရေများများသောက်သင့်ပါတယ်။ အချိုရည်လည်း မသောက်သင့်ပါဘူး။ ဆေးလိပ်(ဆေးရွက်ကြီး)၊ စီးကရက် လုံးဝမသောက်သင့်ပါဘူး။

နှလုံးကျန်းမာပြီးရောဂါကင်းစေဖို့ လိုက်နာသင့်တဲ့နေထိုင်မှုပုံစံမျိုးရှိပါတယ်။ နေ့စဉ်နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။ လေ့ကျင့်ခန်းကို တစ်ပတ်မှာ စုစုပေါင်းနှစ်နာရီခွဲအနိမ့်ဆုံးပြုလုပ်သင့်ပါတယ်။ တစ်ရက်ကို နာရီဝက်၊တစ်ပတ်ငါးရက်ပြုလုပ်သင့်ပါတယ်။ နာရီဝက်တစ်ပြိုင်နက်တည်းမလုပ်နိုင်ရင် ၁၀ မိနစ်သုံးခါခွဲပြီး ပြုလုပ်နိုင်ပါတယ်။

အနည်းငယ်လှုပ်ရှားတာက မလှုပ်ရှားတာထက်ပိုကောင်းပါတယ်။ အသင့်အတင့်ပြင်းထန်တဲ့လေ့ကျင့်ခန်းဆိုတာက ခန္ဓာကိုယ်ပူနွေးလာတဲ့အထိ ဒါမှမဟုတ် မူလကထက် အသက်ရှူအနည်းငယ်ပိုမြန်လာတဲ့အထိ လှုပ်ရှားပေးရတာဖြစ်တယ်။

နှလုံးကျန်းမာရေးအတွက် အထောက်အကူဖြစ်စေတဲ့လေ့ကျင့်ခန်းက လမ်းမြန်မြန်လျှောက်တာ၊ စက်ဘီးစီးတာ၊ ကခုန်တာနဲ့ ရေကူးတာတွေဖြစ်ပါတယ်။ အထူးသတိထားဖို့က လိုတာထက်၊ ခံနိုင်ရည်ရှိတာထက် ပိုပြီးမလုပ်မိစေဖို့အရေးကြီးပါတယ်။

ရှောင်ကြဉ်သင့်တဲ့ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွေက အလေးမတာ၊ ဒိုက်ထိုးတာ၊ အိပ်ထမတင်လုပ်တာ၊ ပြေးစက်ဝယ်ပြီး ပြေးတာ၊ ပြေးခုန်ပစ်ကစားတာ၊ ဘောလုံးကန်တာ စတာတွေမလုပ်သင့်ဘူး။

နှလုံးသွေးကြောကျဉ်းရောဂါရှိနေရင် အစာစားပြီးစမှာ လမ်းမလျှောက်သင့်ပါဘူး။ အလွန်အေးတဲ့အချိန်၊ အလွန်ပူတဲ့အချိန် ကုန်းမြင့်တက်တာ၊ လမ်းလျှောက်တာစတာတွေမပြုလုပ်သင့်ပါဘူး။ အေးတဲ့ရာသီမှာ လမ်းလျှောက်ချင်တယ်ဆိုရင် နွေးထွေးစွာဝတ်ဆင်ထားဖို့လိုပါတယ်။

နှလုံးသွေးကြောကျဉ်းရောဂါရှိသူတွေ လျှာအောက်ငုံဆေး၊ ဖျန်းဆေးကို အမြဲဆောင်ထားသင့်ပါတယ်။ ကိုယ်လက်လှုပ်ရှားနေစဉ် နေမကောင်းဖြစ်နေရင်၊ မူးလာရင်ခဏနားသင့်တယ်။ မသက်သာရင် ချက်ချင်းအရေးပေါ်ကားခေါ်သင့်ပါတယ်။ ဆရာဝန်ညွှန်ကြားတဲ့ဆေးတွေကို မှန်မှန်သုံးစွဲသင့်ပါတယ်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတွေရှိရင် သွေးပေါင်ချိန်နဲ့သွေးချိုတိုင်းစက် ကိုယ်တိုင်ဝယ်ထားပြီး နေ့စဉ်ချိန်ကြည့်သင့်ပါတယ်။ ဆေးမှန်မှန်သောက်သူဆိုရင် တစ်ပတ်တစ်ကြိမ်စစ်ဆေးသင့်ပါတယ်။ သွေးတွင်းအဆီလျှော့ချဆေးမှန်မှန်သောက်သင့်တယ်။ စိတ်ဖိစီးမှုလျှော့ချသင့်ပါတယ်။

စိတ်ဖိစီးမှုများတာနဲ့ ဖိအားတွေများနေတာက နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရုံသာမက တခြားနှလုံးရောဂါတွေကို ဖိတ်ခေါ်နေပါတယ်။ နေ့စဉ် နံနက်အိပ်ရာထ ၁၅ မိနစ်၊ ညအိပ်ရာဝင် ၁၅ မိနစ် တရားထိုင်ကာ ဝင်လေသိထွက်လေသိရှုမှတ်သင့်ပါတယ်။

**ဒေါက်တာလွင်သန့်**

---

## မြင်းခြံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကျင်းပ

မြင်းခြံ စက်တင်ဘာ ၁၇


မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ရှေးဦးသူနာပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူး ထွန်းလင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကြည်က သင်တန်းနှင့် ပတ်သက်၍ အတွေ့အကြုံများနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ သင်တန်းကာလအတွင်း တစ်ဦးချင်းဆုရရှိသူများ၊ အသင်းအဖွဲ့ အလိုက် ဆုရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူး ထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရ သည်။

**ကျော်စွာ(မြင်းခြံ)**

# ထိုင်းဘုရင့်လေတပ်မှ Air Chief Marshal Punpakdee Pattanakul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန်အတွက် လာရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul တို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၇

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများဆောင်ရွက်ရန် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ထိုင်းဘုရင့်လေတပ်မှ ATR-72 လေယာဉ် ဖြင့် နေပြည်တော်သို့ရောက်ရှိလာကြရာ တပ်မတော်(လေ)မှအရာရှိကြီးများ၊ မြန်မာ နိုင်ငံဆိုင်ရာထိုင်းဘုရင့်လေတပ်စစ်သံမှူး နှင့်တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က Jasmine Hotel ၌ လက်ခံ တွေ့ဆုံကာ နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ တွင် ထိုင်းဘုရင့်လေတပ်က ဦးစီး၍ ဆောက်လုပ်တည်ထားလျက်ရှိသော Phra Mahathat Naphamethinidon Naphabhumisiri စေတီတွင် ဌာပနာထည့်သွင်း ကိုးကွယ်ရန်အတွက် ဘုရား၊ ရဟန္တာ ဓာတ်တော်များနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးပုံတူဆင်းတုတော်တို့အား ကာကွယ်ရေးဦးစီးချုပ်(လေ)က ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ သည်။ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဗုဒ္ဓဆင်းတုတော်မြတ်တစ်ဆူအား ဓမ္မဒါန လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြ သည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီးက ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြ သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ထွက်ခွာခဲ့ ပြီး ဗိုလ်တထောင်ဘုရားအား သွားရောက် ဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့်တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်တွင် ကြိုဆို ကြစဉ်။

# ကွန်ပျူတာတက္ကသိုလ်(ပြည်)သို့ ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (ပြည်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ သည်။

ဦးစွာ တက္ကသိုလ်ပင်မဆောင်၌ ကျောင်း သား၊ ကျောင်းသူများ ခင်းကျင်းပြသထား သောပြည်မြို့လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီး ဘုရားများဆိုင်ရာ Pagoda Digital Directory Website ဆောင်ရွက်ပြီးစီးမှု၊ ကမ္ဘာ့အမွေအနှစ်ဒေသ သရေခေတ္တရာ မြို့ဟောင်းနှင့်အခြားဒေသများကို Website နှင့် QR code များ ဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဆိုလာ စွမ်းအင်စနစ်တွက်ချက်မှုများ၊ လုံခြုံရေး စနစ်များ၌ AI နည်းပညာ အသုံးပြု သုတေ သန လုပ်ငန်းများမှ ရလဒ်များကို ကြည့်ရှု စစ်ဆေးပြီး သုတေသနဂုဏ်ပြုဆုများ၊ နည်းပညာ၊ သုတနှင့် ရသစာအုပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အစိုးရနည်းပညာအထက် တန်းကျောင်း(ပြည်) ၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ တာဝန် ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဂုဏ်ပြုဆု များ၊ သုတနှင့် ရသစာအုပ်များကို ပေးအပ် သည်။

ယင်းနောက်ပြည်နည်းပညာတက္ကသိုလ် ရှိ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနက ဆောင်ရွက်ထားသော ဆိုလာထုတ်လုပ် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ထိန်းချုပ်စနစ်၊ မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာ ဌာန၊ စက်မှုအီလက်ထရောနစ်အင်ဂျင်နီယာ ဌာန၊ သုတနည်းပညာအင်ဂျင်နီယာဌာန တို့ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ခင်းကျင်းပြသထားသော သုတေသနလုပ်ငန်းများ၏ ရလဒ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများကို သုတေ သနဂုဏ်ပြုဆုများ ချီးမြှင့်ကာ နည်းပညာ၊ သုတနှင့် ရသစာအုပ်များကို ပေးအပ်ခဲ့ ကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက် ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီး လက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ် များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြု အပ်ပါသည်။

(မိုး/ဇလ)

❍ ရှေ့ဖုံးမှအဆက်

နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက ကြိုဆိုနှုတ်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားတွင် CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်း၊ တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ယခုနှစ်တွင် မြန်မာနိုင်ငံသည် တရုတ်-အာဆီယံကုန်စည်ပြပွဲ၏ Country of Honour အဖြစ် အလှည့်ကျတက်ရောက်ခြင်းဖြစ်ပြီး မိမိအနေဖြင့် ယခုကဲ့သို့ ထူးခြားလေးနက်သည့်အခမ်းအနားတွင် ပါဝင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ ပြပွဲများကျင်းပခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကိုနက်ရှိုင်းစေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရာတွင် အရေးပါသည့် စင်္ကြံတစ်ခုအဖြစ် ပံ့ပိုးပေးနိုင်သည့်အတွက် တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊

တရုတ်-အာဆီယံ ကုန်စည်ပြပွဲမှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အားကောင်းလာစေရန်နှင့် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၌ AI နည်းပညာကို စီးပွားရေးလုပ်ငန်းရှင်များက အချို့ကဏ္ဍများတွင် အသုံးပြုလာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ စသည့် ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

❖ မိမိတို့နိုင်ငံသည် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထား . . .

❖ မြန်မာနိုင်ငံအနေဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်များ၊ Safe Health AI အပါအဝင် နည်းပညာပြခန်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်လက်ဝတ်ရတနာများ စသည့် ပြခန်းပေါင်း ၁၂၀ နှင့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ပြခန်းဆောင်တို့ကို ပါဝင်ပြသသွားမည်ဖြစ် . . .

ယင်းနောက် လာအိုနိုင်ငံ ဒုတိယသမ္မတ Mr. Bounthong Chitmany၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Oknha Men Sam An၊ မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr Fadillah Yusof၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Mai Van Chinh၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr.Kao Kim Hourn နှင့် Mr.Zhang Bingnan တို့က မိန့်ခွန်းပြောကြားကြပြီး AI ဖြင့် ပြုလုပ်ထားသည့် 22nd CAEXPO အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့်အတူ (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ်ကို Digital Key ဖြင့် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတတို့သည် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့၏ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မြစ်ကြီးနားမြို့ကို ရွေးချယ်သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားပြခန်းဆောင်နှင့် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံကိုယ်စားပြု ကုန်စည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက သုံးခွမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည်သုံးခွမြို့နယ်သုံးခွ-ခရမ်းကားလမ်းဘေးတွင် ကားလမ်းတူးမြောင်း သုည ဒသမ ၈ မိုင် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သုံးခွ- ခရမ်းကားလမ်းဘေး တူးမြောင်းရေပိုမိုသိုလှောင်ပြီး စိုက်ပျိုးရေအသုံးချနိုင်ရေးအတွက် ထပ်မံတူးဖော်ဆောင်ရွက်ပေးရန်၊ ထွက်ရှိလာသောမြေသားများကို တာလမ်းဘေးလမ်းပခုံးတိုးချဲ့ဆောင်ရွက်ရန်နှင့်တူးမြောင်းရေပိုမိုသိုလှောင်နိုင်ရေးဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် သုံးခွမြို့နယ် ပဒတ္တိုင်းကျေးရွာအုပ်စု သုံးခွမြို့ရှောင်လမ်း၏ မိုင်တိုင် (၃/၁-၃/၂) ကြားရှိ နံ့ယောချောင်းတံတား (၂၅၂)ပေ တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း၊ သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာအုပ်စုရှိ သုံးခွမြို့ရှောင်လမ်း၏ မိုင်တိုင်(၂/၂-၂/၃)ကြားရှိ အရှည်ပေ ၂၀ ရှိ ပဒိုင်း-နံ့ယော တံတားတည်ဆောက်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သုံးခွမြို့ရှောင်လမ်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများသန့်ရှင်းသပ်ရပ်ကောင်းမွန်စွာ ဆောင်ရွက်ရန်နှင့် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများဆောလျင်စွာပြီးစီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏတွင် FIRE DRAGON FUTSAL OPEN CUP ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး FD TEAM FC နှင့် ACTOR FC တို့ ချစ်ကြည်ရေးကစားပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်



တောင်ကြီး စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စက်မှုဇုန်ခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့က သင်တန်းသူများထံ သင်တန်းသုံးအထောက်အကူပြုပစ္စည်းများ ပေးအပ်ကြကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းအထောက်အကူပစ္စည်းများကို ကြည့်ရှုသည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းနောက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၀-မဂ္ဂါဝပ်) စီမံကိန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

❖ ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကိုရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ် . . .

❖ ယခုအခါ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area-ACFTA) ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စသည့်နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ် . . .

❖ တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည် . . .

နေပြည်တော် စက်တင်ဘာ ၁၇

"အာဆီယံကို ဉာဏ်ရည်တုနည်းပညာဖြင့်ချိတ်ဆက်၍ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်ကိုမျှဝေခြင်း" ဆောင်ပုဒ်ဖြင့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နန်နင်းမြို့ရှိ Grand Metropark Hotel ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာစွမ်းသဝေ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Mr. Kao Kim Hourn၊ တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (CCPIT) မှ ဒုတိယအကြီးအကဲ၊ ASEAN–China Centre မှ အထွေထွေအတွင်းရေးမှူး၊ တရုတ်-အာဆီယံနိုင်ငံများမှကုန်သည်အသင်းဥက္ကဋ္ဌများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဖိုရမ်ကျင်းပရေးကော်မတီအတွင်းရေးမှူးက AI နည်းပညာသုံးမျက်မှန်အသုံးပြုပုံကို မိတ်ဆက်ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဖိုရမ်အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုဖိုရမ်သည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသည့် ကုန်သည်အသင်းအဖွဲ့များအကြား စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်သည့်အခွင့်အလမ်းများကို ရရှိနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN–China Free Trade Area–ACFTA) ကို ACFTA (အက်ဖ်တာ) ဗားရှင်း ၃.၀ သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ပေးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများစသည့် နယ်ပယ်သစ်များတွင် နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများအနေဖြင့် နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို မျှဝေခံစားသွားနိုင်ကြမည်ဖြစ်ကြောင်း။

AI နည်းပညာကို နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျယ်ပြန့်စွာ အသုံးပြုလာသည်နှင့်အမျှ လွဲမှားစွာအသုံးချမှုနှင့် ဆိုက်ဘာလုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး မှန်ကန်သည့်နယ်ပယ်များတွင် မျှတစွာအသုံးပြုသွားရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အတိုင်ပင်ကွန်ဖရင့်ဥက္ကဋ္ဌ၊ CCPIT မှ ဒုတိယအကြီးအကဲ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ASEAN– China Centre မှ အထွေထွေအတွင်းရေးမှူးတို့က မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

လွိုင်ကော် စက်တင်ဘာ ၁၇

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စံပြဝက်မွေးမြူရေးခြံ၊ သီးနှံအခြောက်ခံစက်ရုံ၊ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် နောင်ယားကန် သာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် မွေးမြူရေးလုပ်ငန်းရှင်များကို သရုပ်ပြပညာပေးဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် စံပြဝက်မွေးမြူရေးခြံသို့ရောက်ရှိ၍ ပြည်နယ်ဝန်ကြီးချုပ်က ဝက်မွေးမြူဆောင်ရွက်လိုသူများကို စနစ်တကျ ပညာပေးသရုပ်ပြသနိုင်ရေးနှင့် ဝက်သားပေါက်များကို စဉ်ဆက်မပြတ်မွေးမြူဖြန့်ဖြူးနိုင်ရေး၊ အနံ့အသက်ဆိုးများ မထွက်ရှိစေရေးနှင့် ကူးစက်ရောဂါများကျရောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရေနီကန်ကျေးရွာမှ တောင်သူဦးပလားရယ်၏ အောင်နိုင်တိုးစပါး စမ်းသပ်စိုက်ကွင်းတွင် စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေကိုလည်းကောင်း၊ ပျားလုပ်ငန်းဌာနခွဲ အခြေစိုက်ပျားဘုရင်မမွေးမြူရေးစခန်းတွင် ပျားများ မွေးမြူထားရှိမှုအခြေအနေကိုလည်းကောင်း၊ ရေနီကန်ကျေးရွာရှိ Treasure Corn သီးနှံအခြောက်ခံစက်ရုံ လည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ရောက်ရှိကာ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်နယ်နှင့်ခရိုင်ရုံးများ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ရုံးများဖွင့်လှစ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများစနစ်တကျ ပြန်လည်နေရာချထားရန်၊ ရုံးနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာရေးမပြတ်ဆောင်ရွက်ရန်နှင့် ပြည်နယ်၏မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နောင်ယားကန်သာသို့ ရောက်ရှိပြီး အများပြည်သူ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန်နှင့် ဒေသထွက် လက်ဆောင်ပစ္စည်းများ ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **ခင်စောတင့်**

## ထူးခြားသည့် နေ့အပူချိန်များ

၁၇-၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၆ | ဒသမ | ဝ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တပ်ကုန်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Labutta Township sends large volume of shrimps to Yangon market

LABUTTA September 17

Local fishery entrepreneurs from Labutta Township of Ayeyawady Region sold a large volume of shrimps to Yangon market said Daw Tin Tin Htay, the owner of fisheries trading commodity in Labutta Township.

From Labutta Township, about 72,000 viss of assorted prawns were transported and sold to the Yangon market.

It is reported that seafood trading centres in the area purchase prawns caught locally, process and clean them systematically, and then transport them for sale to the Yangon market.


"In the past month alone, we have been able to transport and sell up to 72,000 viss of assorted prawns from Labutta Township. Seafood products are systematically cleaned, packaged, and sent for sale. As prawns and other seafood are being shipped in large quantities, the seafood trading business here is also creating more job opportunities. Most of the local seafood products are transported and sold using cargo trucks," said Daw The The Lwin, owner of a seafood trading centre in Labutta Township.

Local fishery entrepreneurs sell Ks-19,000 to Ks-24,000 per viss of Cardiea, Ks-18,000 to Ks-18,500 per viss of small prawn, Ks-18,500 to Ks-23,500 per viss of large prawn and Ks-36,500 to Ks-45,000 per viss of lobster depending on freshness at the Yangon market.

SK



# Black-eyed beans marketable in Thabaung Township



THABAUNG September 17

Black-eyed beans are marketable at the domestic market in Thabaung Township of Ayeyawady Region, said Daw Yi Yi Tun, the owner of agricultural produce trading commodities in Thabaung Townsip.

In Thabaung Township, demand for black-eyed beans has been strong from the first week of August to date, leading to improved trading activity. This increased demand is due to higher purchases from the Yangon market combined with a low yield of local black-eyed beans.

"Local black-eyed beans are being bought not only in the local market but also from other areas. From about the first week of this month, demand has noticeably increased. Along with stronger demand, the price has also risen slightly. The Yangon market has been actively buying local black-eyed beans. Because the yield is low, traders are buying more, which has made sales more active. At present, there is not much new harvest of black-eyed beans in the area. The crop is usually abundant during the harvest season for monsoon crops," said Daw Yi Yi Htun, owner of an agricultural produce trading centre in Thabaung Township.

The price of black-eyed beans in Thabaung Township is currently as high as Ks-115,000 per bag of 16 pyi. Agricultural produce traders in the township mainly transport and sell local farm products to the Yangon market. Besides black-eyed beans, they also trade black gram, green gram, pigeon pea, maize, paddy, rice, and seasonal crops.

SMK

# Tamu District to grow more than 4,000 acres of vegetables in coming winter

TAMU September 17

Statistics of Tamu District Agriculture Department mentioned that local authorities earmarked cultivation of 4,189 acres of vegetables as cold season crops in Tamu District of Sagaing Region this year.

In the 2025–2026 winter crop season, it is planned to cultivate a total of 4,189 acres of vegetables in Tamu District—1,189 acres in Myothit Township, 1,500 acres in Tamu Township, and 1,500 acres in Hkampat Township, according to the district's crop plan.

This year, township-level agricultural staff members in Tamu District are providing farmers with GAP training, as well as technical assistance to ensure that harvested vegetables are safe and healthy for consumers. Efforts are also underway to encourage farmers to expand vegetable cultivation.

Vegetable cultivation is practiced in Tamu District every year according to the season, and these crops have flourished successfully, providing income for households. The Township Department of Agriculture is also raising awareness among farmers on proper cultivation methods, pest prevention, and the use of organic fertilizers, natural pesticides, and repellents.

SMK

# Plan underway to grow more than 6,000 acres of chick pea in Kawlin District

KAWLIN September 17

According to the data of Yinmabin District Agriculture Department, local authorities earmarked cultivation of 6,900 acres of chick pea as winter crop in Kawlin District of Sagaing Region coming year.

In the 2025–2026 winter crop season, it is planned to cultivate a total of 6,980 acres of chickpea in Kawlin District—6,614 acres in Kawlin Township, 341 acres in Wuntho Township, and 25 acres in Pinlebu Township, according to the district's crop plan.

"This winter season, Kawlin District has set a target of over 6,900 acres of chickpea cultivation. We are working to ensure the target acreage is fully achieved. Chickpea cultivation has been improving year by year. To ensure good yields and quality, we will work together with farmers to provide pure, quality seeds, necessary inputs, and post-harvest technologies," said U Win Thein, Head of the Kawlin District Department of Agriculture.

Farmers in Kawlin District are cultivating chickpeas with Yezin-8 and Yezin-11 varieties which are well-suited to local conditions and yield good results. The average cultivation cost is over Ks-300,000 per acre.

This year, during the winter crop season, the Department of Agriculture is working with farmers to provide quality seeds, inputs, and post-harvest technologies for multiple types of pulses to improve yield and quality. Extension activities also include awareness programs to promote the use of Trichoderma beneficial fungi in pulse cultivation.

SK

# Cultivation of maize and sweet corns finishes in Kanbalu Township

KANBALU September 17

A total of 89,264 acres of maize and sweet corns have been planted in Kanbalu Township of Sagaing Region, according to data of Kanbalu Township Agriculture Department.

Local authorities earmarked cultivation of 88,931 acres of maize and 750 acres of sweet corns in Kanbalu Township in 2025-2026 monsoon crop cultivation season. But, local farmers have planted 88,931 acres of maize and 333 acres of sweet corns, totalling 89,264 acres against the target cultivation.

"In the upcoming monsoon crop season this year, Kanbalu Township has planned to cultivate 89,681 acres of maize and sweet corn. As of today, 89,264 acres have been planted. We are working to ensure the full target acreage is achieved. To ensure the success of maize cultivation, awareness programmes are being conducted, including measures to prevent pest and disease infestations," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.



This year, the Kanbalu Township Department of Agriculture is providing farmers growing seed maize and sweet corn with training courses, field demonstrations, guidance on preventing fall armyworm infestations, and integrated pest management techniques. These include the use of Trichogramma bio-control, as well as ginger and chilli-based pest control methods, along with other agricultural awareness activities.

In Kanbalu Township, it is reported that seed maize yields over 50 baskets per acre, with an average production cost of Ks-500,000 per acre, while sweet corn yields around 15,000 ears per acre, with cultivation costs exceeding Ks-500,000 per acre.

**SMK**

# Rainfed paddy grown in Kani Township this year

KANI September 17

Agricultural data of Yinmabin District Agriculture Department indicated that a total of 11,156 acres of farmlands have been placed under rainfed paddy in Kani Township of Sagaing Region this year.

For the 2025–2026 monsoon crop season, it was planned to cultivate 23,285 acres of rainfed paddy in Kani Township. Cultivation began in May this year, and as of today, a total of 11,156 acres have been planted.

Yinmabin District Agriculture Department Head, Daw Myat Moe Win, said: "This year, the target for Kani Township is over 23,000 acres of rainfed paddy. So far, more than 11,000 acres have been planted against the target cultivation, and cultivation is ongoing. Efforts are being made to reach the planned acreage. For rainfed paddy cultivation, we are providing farmers with the necessary techniques and seed varieties, and also carrying out field visits to help ensure timely planting."

This year, to ensure systematic cultivation without difficulties, the respective Township Agriculture Departments are working together with local farmers in rainfed paddy cultivation.

In Kani Township, farmers are being provided with technical knowledge on cultivation methods, pest prevention, measures to avoid crop loss, and awareness to ensure harvested paddy is properly stored under shelter in time.

The rainfed paddy fields planted this year in Kani Township are thriving. To achieve good yields, Township Agriculture Department personnel are conducting field visits to guide farmers on using high-quality and pure seeds, pest prevention, weeding, rouging of off-types, and systematic application of fertilizers.

**SMK**

# Myaung Township grows over 1,300 acres of rainfed green grams

MYAUNG September 17

More than 1,300 acres of green grams have been planted in Myaung Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 rain crops planting season, Myaung Township has planned to plant 3,057 acres of green grams, and planting has begun since May this year, and 1,302 acres have been planted to date.

"We are continuing to plant green grams. We are working to ensure that the target acres of green grams are planted. We are also conducting field visits to provide necessary technologies, varieties, and pest and disease prevention methods during the rainy season," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

The relevant township agriculture department is working with farmers to provide good quality seeds, inputs, and post-harvest technology to improve the yield and quality of green grams during this year's rain crops planting season.

**SK**

# Pomfret fish in high demand at domestic market in Zalun Township


ZALUN September 17

A large volume of Pomfret fish is in high demand of consumers at the domestic market in Zalun Township of Ayeyawady Region, said Daw Myint Myint Aye, the owner of marine product trading in Zalun Township.

In Zalun Township, demand for pomfret fish has increased from the first week of August this year to the present, with a large volume being traded in viss. The rise in trading is attributed to strong demand from domestic markets.

"Among the fish currently on sale, pomfret is selling particularly well. At present, an average of 6,500 viss of pomfret are being traded daily. The demand from local markets has led to this active trading. Pomfret is being regularly supplied to local trading centres, and the fish arriving there are fresh. With the increase in shipments, those engaged in the fisheries sector are finding business conditions favourable. Most of the local seafood products from this area are mainly transported and sold to Yangon, and the process of sending goods to Yangon is running smoothly," said Daw Myint Myint Aye.

Seafood traders in Zalun Township are purchasing pomfret and other local seafood, systematically inspecting and cleaning them before distributing and selling them to buying areas. The



current market price of pomfret is reported to be as high as Ks-17,500 per viss.

**SK**

# Putin sends Modi best wishes on 75th birthday



MOSCOW September 17

Russian President Vladimir Putin has conveyed birthday wishes to Indian Prime Minister Narendra Modi, who turned 75 on Wednesday.

The two leaders have had a personal friendship since Modi was elected prime minister for the first time in 2014.

"Dear Mr. Prime Minister, please accept my heartfelt congratulations on the occasion of your 75th birthday," Putin said in greetings released by the Kremlin. "You are making a great personal contribution to strengthening the special privileged strategic partnership between our countries, to developing mutually beneficial Russian-Indian cooperation in various areas."

In his message Putin said that under Modi's guidance, India had achieved impressive results in the social, economic, scientific, and technological spheres. "I highly appreciate our close comradely relations. We will certainly continue our constructive dialogue and joint work on the current issues on the bilateral, regional and international agendas."

During their talks earlier this month on the sidelines of the Shanghai Cooperation Organization (SCO) summit in Tianjin, the two leaders stressed that the strategic partnership between their nations is expanding across various sectors. Modi said Russia and India have walked "shoulder-to-shoulder" in the "most difficult of situations," adding, "Our close cooperation is important not only for the people of both countries but also for global peace, stability and prosperity."

Later on Wednesday, the Russian president shared some details of a telephone call with the Indian prime minister. "I just had a conversation with the Prime Minister of India, Mr. Modi," Putin told government officials. "I took the liberty of congratulating our friend, the Prime Minister of India, on his 75th birthday on behalf of you and everyone, and I would like to convey his best wishes to the entire Russian leadership." He added that since the Soviet era, Russia-India relations have been "of an exclusively trusting, friendly and, of course, non-partisan nature." **RT**

# Russia's Shoigu meets with Iraqi President

BAGHDAD September 17

Russian Security Council Secretary Sergei Shoigu has met with Iraqi President Abdul Latif Rashid in Baghdad, stressing the need to maintain dialogue between the two countries.

The Russian Security Council said on Tuesday that Shoigu, during his visit to Iraq, held a meeting with Iraqi Prime Minister Mohammed Al-Sudani, and the parties discussed the Russian-Arab summit, which will be held in mid-October in Moscow. Later on Tuesday, Shoigu met with Abdul Latif Rashid.

"Against the backdrop of the deteriorating situation in the sphere of international security, I am convinced of the need to maintain a dynamic dialogue between our countries through the Security Councils," Shoigu said.

Commenting on Israel's strike on Doha earlier this month, Shoigu said that the attack on the peaceful capital of Qatar demonstrates the consequences of an uncontrolled regional crisis.

"The result was that Doha suspended its mediation efforts in the Palestinian-Israeli standoff. The architecture of the negotiations was destroyed," Shoigu said, calling for an end to the "unprecedented bloodshed in the Gaza Strip."

The Russian Security Council Secretary emphasized that the situation in the Middle East is extremely difficult and that the Israeli-Palestinian escalation raises serious concerns, along with the tensions in Syria, Lebanon, and Yemen.

Shoigu expressed confidence that the upcoming Russian-Arab summit will become an important event in world politics and will clearly demonstrate the achieved level of Russian-Arab cooperation and give it new impetus.

Shoigu also met with Iraqi Defense Minister Thabit Al-Abbasi on Tuesday, saying that Moscow is ready to interact with Baghdad in all areas of military-technical cooperation. **Sputnik**

# 17 die, 13 missing in flash floods, landslides triggered by heavy rains in India's Dehradun



NEW DELHI September 17

Flash floods and landslides triggered by heavy rains and cloudbursts have unleashed a fresh wave of devastation in the northern Indian state of Uttarakhand, killing 17 and leaving over a dozen others missing, multiple local media reports said Wednesday.

The worst hit is Dehradun, the capital city of Uttarakhand.

According to officials, the rescue operations were underway in and around the affected areas.

**Xinhua**

# Britain, U.S. agree tech deal during Trump's visit

LONDON September 17

Britain and the United States agreed on a multi-billion-dollar tech deal during U.S. President Donald Trump's state visit to boost fast-growing fields such as AI, quantum computing and nuclear, the British government said Tuesday.

The Tech Prosperity Deal aims to accelerate AI research for new drugs, faster treatments, and better cancer care, while also supporting civil nuclear projects, said the official statement.

As part of the deal, Microsoft will invest 30 billion U.S. dollars in AI infrastructure in Britain, while Google will open a data center in Waltham Cross, Hertfordshire, as part of a two-year multi-billion-dollar investment in Britain.

However, critics have warned against Britain's growing dependence on the United States and American technology with potential consequences.

U.S. news outlet Politico quoted Gaia Marcus of the Ada Lovelace independent research institute as warning that "We mustn't just focus on today's figures if the cost is technological lock-in tomorrow, limiting our ability to seek alternatives in the future."

Chi Onwurah, chair of the House of Commons Science, Innovation and Technology Committee, cautioned, "true technology sovereignty cannot mean being dependent on one investor or country."

Trump arrived in London on Tuesday evening for his second state visit to Britain. Nearly 100 protesters gathered along the streets outside Windsor Castle that night, chanting slogans against the visit and waving placards reading "Stop Hate, Stop Trump" and "Hate Never Made Any Nation Great."

Organized by the Stop Trump Coalition group, tens of thousands of people are expected to descend on the London streets on Wednesday to protest against the U.S. President.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 6 reasons why solar energy is awesome




The evidence is clear: if we want to maintain an optimal environment in which humans can comfortably eat, sleep, breathe and watch Netflix, we need to stop burning stuff. The good news is that there is a brilliant non-greenhouse-gas-making energy source and it's called solar. Well, there's also onshore and offshore wind, which are pretty awesome. And there's hydropower and ocean energy…. OK there are lots of renewable energy alternatives to fossil fuels, but solar is what we know.

Here are six reasons to be excited by the potential of solar energy.

**1. Solar energy is endlessly renewable**

Our neighbourhood yellow dwarf star that we know as 'the sun' has been around for about 4.6 billion years and it's not even reached middle age. Yellow dwarf stars are good news for humanity because, in addition to having a longer shelf life than a slice of American cheese, their heat, light and size change slowly and predictably. This makes it an abundant and endlessly renewable energy source that we could, theoretically, use to power everything. Admittedly, we'd need more than 50 billion 350 W solar panels across an area the size of Italy1 to cover the world's energy needs, but who doesn't like a challenge?



**2. Solar energy is accessible everywhere**

Solar power is accessible in towns, cities and rural areas across the globe. Sure, the efficiency of solar energy creation will vary depending on the levels of sunshine and the season in play, but our hybrid solar farms in York, Hull, Clayhill and Cirencester are fully-functioning proof that solar radiation can still pass through a cloudy British day and create bundles of energy. And we're not alone; the UK is now home to just under 500 solar farms providing 11.6 GW a year2, showing that even a damp climate like ours can benefit significantly from solar energy.

**3. Solar energy is affordable**

Solar photovoltaic (PV) electricity generation originally dates back to the 1950s, but in the early days, it was so expensive that it was only considered for epic endeavours like powering satellites. Yet as research has continued, prices for the technology have declined and more commercial applications have become feasible, which has helped drive economies of scale. And so the feedback loop has continued to present day. Learning curves is the term used to describe the regular patterns of declining costs in new technologies, and solar has been on one heck of a steep learning curve. Within the past 40 years, the price per watt of a solar cell has declined by 99.6 percent 3.

**4. Solar creates energy when it is most needed**

Solar creates the most energy in the middle of the day when the sun is at its highest and most powerful. Coincidentally, this is also when most EV charging takes place along the GRIDSERVE Electric Highway. This positive correlation helps to reduce the requirement of the grid during peak times, allowing a greater share of our energy mix to be zero carbon. Thanks to battery storage technology, this sustainable energy source can even be deployed when the sun isn't shining.

**5. Solar farms are (relatively) quick to install and have low maintenance costs**

A hybrid solar farm is a capital-intensive venture, but the installation can take months rather than several years. Our York Solar Farm, for example, was built in just six months and that included developing a nature sanctuary. From herein, the 'fuel' is free, maintenance costs are marginal and studies have shown that modern solar panels have an expected life span of 40-50 years4. How do you like those panels in your ROI balance sheet? Occasionally, rogue individual parts will need replacing, but the majority of operations and maintenance will concern the motorized tracking systems and the cleaning of the solar panels to retain a high degree of efficiency.

**6. Solar power has a minimal impact on the environment**

As methods of energy creation go, solar power is clean on the conscience, with no burning, little water usage and no impact to air quality. Further, the land around the solar panels can be returned to its natural state and support net gains in biodiversity. The main impact of photovoltaics concern the extraction process of the materials used to make the panels, but this can be negated with a transparent supply chain and a robust recycling procedure at the end of life.

**Mail Online**

၁၈-၉-၂၀၂၅ | မြဝတီ

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းအခမ်းအနားကျင်းပ



**စစ်တွေ စက်တင်ဘာ ၁၇**

ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရပ်ကွက်များမှပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စစ်တွေမြို့၊ လုပ်ကွက် အမှတ်(၂) မောလိပ်ရပ်ကွက်၊ ကျောင်းကြီးလမ်းနှင့် ဗောထီးလမ်း၌ အထူးသန့်ရှင်းရေးအဖွဲ့မှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဗောထီးလမ်း၊ အောင်ထွန်းဦးလမ်း၊ ကျောင်းကြီးလမ်းနှင့် ရေတွင်းလမ်းတို့တွင် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# MSME ရန်ပုံငွေထူထောင်ထားရှိမှု ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုအခြေအနေနှင့် ဆန်စက်၊ ဆီစက် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၇**

MSME ရန်ပုံငွေထူထောင်ထားရှိမှု ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုအခြေအနေနှင့် ဆန်စက်၊ ဆီစက် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန်စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ MSME ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ MSME လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ထောက်ပံ့ငွေကျပ် ၁၇၀ ဘီလီယံကို ထူထောင်ထားရှိပြီး ယင်းမတည်ထောက်ပံ့ငွေအနက် ငွေကျပ် ၂၀ ဘီလီယံကို MSME ဖွံ့ဖြိုးတိုးတက်ရေး အကူအညီအထောက်အပံ့အဖြစ်လည်းကောင်း၊ ငွေကျပ် ၁၅၀ ဘီလီယံကို ချေးငွေထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း သုံးစွဲရန်လျာထားကြောင်း၊ MSME လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုထုတ်ပြန်ခဲ့ပြီး MSME လုပ်ငန်းရှင်များက ချေးငွေကို နိုင်ငံပိုင်ဘဏ်များဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များအပြင် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တွင် ချေးငွေများ လျှောက်ထားနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျော့ကျစေရန်နှင့် ပြည်တွင်းစားသုံးဆီဖူလုံရေးကို အကောင်အထည်ဖော်ရန် ဆီစက်များတပ်ဆင်ထုတ်လုပ်နိုင်ရေးနှင့် လက်ရှိဆီစက်များတိုးချဲ့အဆင့်မြှင့်တင်ရေးအတွက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းထားပြီး ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၅၀ ဘီလီယံကို မတည်ပေးခဲ့ကြောင်း၊ လက်ရှိအချိန်ထိ ချေးငွေစံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဆီစက်လုပ်ငန်းရှင်များကို ထုတ်ချေးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က MSME လုပ်ငန်းရှင်များအနေဖြင့် MSME ချေးငွေနှင့် ဆီစက်ချေးငွေထုတ်ချေးသည့်လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး မိမိတို့လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေလျှောက်ထားမှု၊ အစစ်ဆေးခံမှုများကို ဘဏ်၏လုပ်ထုံးလုပ်နည်းများ၊ ချေးငွေညွှန်ကြားချက်များနှင့်အညီ အဆိုပြုချေးငွေလျှောက်ထားရန်ကိစ္စရပ်များကိုလည်းကောင်း၊ MSME ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက MSME ရန်ပုံငွေထူထောင်ထားရှိမှု၊ ချေးငွေလျှောက်ထားရမည့်လုပ်ငန်းစဉ်နှင့် ချေးငွေထုတ်ချေးမှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ MSME ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက MSME ချေးငွေလျှောက်ထားမှုများအား စိစစ်ထုတ်ချေးမှုနှင့် ဆီစက်ချေးငွေထုတ်ချေးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး MSME ဆီစက်နှင့် ဆန်စက်လုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(တောင်ကြီး)၌ ကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ရုံးဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် အေးသာယာမြို့ စွယ်တော်ကျောင်းတိုက်အတွင်းရှိ RC နှစ်ထပ် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင် ရေစက်ချလှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ-ရပ်စောက် ပြည်ထောင်စုလမ်းမကြီးမှ ကုံလုံစံကျောင်းသွားလမ်း ၁ မိုင် ၁ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းနေမှုကိုလည်းကောင်း၊ ပင်းတယမြို့နယ် တံတားကြီးကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် ကုန်းစောင်းကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည့်အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာလိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ကျောင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာစိုက်ခင်းများ စတင်ရိတ်သိမ်း



ပွင့်ဖြူ စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာစိုက်ခင်းများကို ဒေသခံတောင်သူများက စက်တင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧကလျှင် ၁၉ ဒသမ ၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာဧက ၁၁၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးထားသော နေကြာစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ချိန် ရောက်ရှိပြီဖြစ်၍ ဒေသခံတောင်သူများက ယခုနှစ်စက်တင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၈၀ ခန့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ နေကြာဧက ၁၁၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့နေကြာစိုက်ခင်းတွေကို စက်တင်ဘာလပထမပတ်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့တာ လက်ရှိမှာ ဧက ၈၀ လောက် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ပြီးခဲ့တဲ့နှစ်ကလိုပဲ အထွက်နှုန်းကောင်းပါတယ်။ တစ်ဧကကို ၁၉ ဒသမ ၃ တင်းလောက် ထွက်ရှိပါတယ်။ နေကြာရိတ်သိမ်းခြွေလှေ့တာနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေလျော့နည်းမှုမဖြစ်အောင် တောင်သူတွေကို အချိန်မီရိတ်သိမ်းခြွေလှေ့ကြဖို့၊ သီးနှံအရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့် နေကြာစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက မိုးရာသီနှင့်ဆောင်းရာသီတို့တွင် အဓိကလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် နေကြာစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးတို့အပြင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးမှုများဆောင်ရွက်ပေးခြင်း စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကိုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းဆောင်ရွက်



သထုံ စက်တင်ဘာ ၁၇

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စက်တင်ဘာလ ၁၇ ရက်တွင် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ (ဘုရားကြီးတောင်ဘက်) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်းနှင့်နံရံကပ်စာစောင်ပြသခြင်းများကို ဆောင်ရွက်သည်။

ရှေးဦးစွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးစိုးက အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကိုအကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးဟောပြောဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုအန္တရာယ်သတိပြုကာကွယ်ရေး စသည့် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ချမ်းမြေ့**

# ကျေးလက်ရေရရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ မြေသားရေကန်တူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာလ ၁၇ ရက်တွင် အင်တိုင်း(ရ) ကျေးရွာအုပ်စု အင်တိုင်း(ရ) ကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်နှင့်ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် အင်တိုင်း(ရ) ကျေးရွာ၌ အလျားပေ ၂၀၀၊ အနံပေ ၂၀၀၊ အနက် ၃ ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးဝေရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များဆောင်ရွက်ပေးသည်။

အဆိုပါမြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၆ ဒသမ ၃၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**

# ငဖဲမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျပန်းစကားပြော ပြိုင်ပွဲကျင်းပ

ငဖဲ စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းအခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာလ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပဒါန်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုင်မျိုးမျိုးဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသားလူငယ်များ စာဖတ်သည့်အလေ့အကျင့်များ ဖြစ်ပေါ်လာစေရန်၊ စာဖတ်ရှိန်မြှင့်တင်ရန်နှင့် ဗလငါးတန်ပြည့်စုံစေရန်ရည်ရွယ်၍ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်းပြောကြားပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဒါန်းအခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ဇင်မျိုးသူက ပြိုင်ပွဲစည်းကမ်းများကိုပြောကြားပြီး အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ လူငယ်နှင့်စာပေ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ စာအုပ်စာပေလူ့မိတ်ဆွေ၊ စာကြည့်တိုက်မှာပညာရှာနှင့် အလိမ္မာစာမှာရှိ ခေါင်းစဉ်ငါးမျိုးဖြင့် ပဒါန်းအခြေခံပညာအထက်တန်းကျောင်းနှင့် သာယာကုန်းအခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြပြီး အဆိုပါကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကို စက်တင်ဘာလ ၁၇ ရက်တွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြု လက်မှတ်များရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစိစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)ပါ တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့်အကြောင်းအရာများကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ဦးအေးသောင်း(အောင်ပညာမြင့်ပုံနှိပ်တိုက်-၀၁၅၀၈)၏ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်နှင့် ထုတ်ဝေခဲ့သည့် ဦးအောင်စိုး(တစ်ထိပ်တန်းစာပေ-၀၀၁၉၈)တို့၏ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်တို့ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှစတင်၍ ရုပ်သိမ်းလိုက်သည်။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ထုတ်ဝေဖြန့်ချိဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

အင်အားပြင်းမန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့တွင်နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ကျင်းပရာ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌက ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ချေးငွေအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ထပ်မံလျှောက်ထားလာသည့်ဘဏ်များအား စံသတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြခြင်း၊ ချေးငွေအစီအစဉ်တွင်ပါဝင်ဆောင်ရွက်မည့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ဘဏ္ဍာငွေလွှဲပြောင်းရန်အတွက် အဆိုပြုဘဏ်များ တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ချေးငွေအဆိုပြုလျှောက်လွှာများတင်ပြလာပါက စိစစ်ရမည့်အချက်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

## ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း (၁-၉-၂၀၂၅ ရက်နေ့မှ ၁၅-၉-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | **နေပြည်တော်** | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | **မန္တလေးတိုင်းဒေသကြီး** | | | | | | | |
| | ၁ | အမရပူရမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၇ | အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း | ကောင်းမွန် | | | | | |
| ၄ | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | | |
| | ၁ | ထားဝယ်မြို့ | - | ကောင်းမွန် | | | - | ကောင်းမွန် |
| ၆ | **ပဲခူးတိုင်းဒေသကြီး** | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | **မကွေးတိုင်းဒေသကြီး** | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |
| ၈ | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| ၉ | **ကရင်ပြည်နယ်** | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၀ | **မွန်ပြည်နယ်** | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| | ၄ | ချောင်းဆုံ | ကောင်းမွန် | | | | | |
| ၁၁ | **ရှမ်းပြည်နယ်** | | | | | | | |
| | ၁ | တောင်ကြီးမြို့ | - | - | ကောင်းမွန် | | - | - |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | - | - | - | - | - |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | - | - | - | - | - |
| | ၄ | နိုင်းဆတ်မြို့ | - | ကောင်းမွန် | - | ကောင်းမွန် | - | ကောင်းမွန် |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

**နေပြည်တော် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏သားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ခြင်းနှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်များ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

ပဲခူး စက်တင်ဘာ ၁၇

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်များပေးအပ်ခြင်းအခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားစုတိုးတက်အောင် ဆောင်ရွက်နေသည့် အာမခံအလုပ်သမားများ၏ သားသမီးများ စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးသည် အလွန်အရေးကြီးပြီး မဖြစ်မနေပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏သားသမီး ၆၀၉၃ ဦးသည် စဉ်ဆက်မပြတ် ပညာသင်ကြားနေသည့်အတွက် ငွေကျပ် ၂၄၄ ဒသမ ၄၅၅ သန်းနှင့် မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြင့် အာမခံအလုပ်သမား ၈၅၆၉ ဦးအတွက် ငွေကျပ် ၆၈၂ ဒသမ ၀၃၁ သန်းအား ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အလုပ်သမားဝန်ကြီးဌာန၏လုပ်ငန်းစဉ်နှင့် လူမှုဖူလုံရေးအဖွဲ့၏ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာဝန်ဆောင်မှုများနှင့် အလုပ်သမားများ၏ ရပိုင်ခွင့်အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းထံသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အာမခံအလုပ်သမား ၈၅၆၉ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၆၈၂ ဒသမ ၀၃၁ သန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်ထံသို့ အလုပ်သမားဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဦးက အာမခံအလုပ်သမား ၄၆၇၁ ဦး၏သားသမီး ၆၀၉၃ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၄၄ ဒသမ ၄၅၅ သန်းအားလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းနောက် လူမှုဖူလုံရေးအဖွဲ့မှ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်များပေးအပ်ခဲ့မှုပေါ် အာမခံအလုပ်သမားများကိုယ်စား Amity (Myanmar) Co., Ltd. ၏ မန်နေဂျာ ဦးကျော်လွင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာသည့် ကုမ္ပဏီ၊ လုပ်ငန်းအသီးသီးမှ အာမခံအလုပ်သမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **၄၀၁၊ တင်စိုး(ပဲခူး)**

---

■ **ကျောဖုံးမှအဆက်**

**စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်**အထိ ပြည်ခရိုင်၊ တောင်ငူခရိုင်နှင့်ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၅ ဒသမ ၈၂၄)တန်၊ သစ်မာ (၆၄ ဒသမ ၈၂၉) တန်၊ အခြားသစ် (၉၉ ဒသမ ၀၄၈)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၄၅၃၁၆)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၁ ရက်**တွင် တောင်တွင်းကြီးမြို့နယ်၊ ကံပေးကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၂၄၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၄၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၁ ရက်နှင့် ၁၄ ရက်**တို့တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ကံမမြို့နယ်၊ ချောက်မြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၉) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်နှင့် စလင်းမြို့နယ်တို့အတွင်း၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မော်တော်ဆိုင်ကယ် (၃)စီးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၇၅၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၇၅၄၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၁ ရက်မှ ၁၄ ရက်**အထိ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၀)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၅ ရက်**တွင် ကျိုက်ထိုမြို့နယ်၊ ဘိုက္ကားကျေးရွာအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၄၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၀)မျိုး၊ စားသောက်ကုန်ပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၃၄၅၅၈၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Nissan Diesel Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)၊ ကျိုက်ထိုမြို့နယ်၊ သုံးအိမ်စုကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း(၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၇၂၆၂၀၀)၊ အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)နှင့်ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၀၇၀၀၀)နှင့်အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ ကျိုက်ထိုမြို့နယ်၊ တောင်စွန်းသွားကားလမ်းအနီး၌မော်တော်ယာဉ်(၅)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၈၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၇၅၀၈၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၂)စီး၊ Nissan TT Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Nissan Diesel Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀၀)နှင့် ကျိုက်ထိုမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာအနီး၌ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်ခဲ့သည့် Nissan Profia Truck မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၄၇၅၃၈၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၄ ရက်**တွင် ပင်လုံ- လွိုင်လင်ကားလမ်း၊ ပန်ဝိုးလမ်းခွဲအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၉၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၂၇ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(ပို့ကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၉၉၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၃ ရက်**တွင် ဘားအံမြို့၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၈)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၄၄၃၅၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၉၄၃၃၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၇ ရက်နှင့်စက်တင်ဘာလ ၁၁ ရက်မှ ၁၅ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၈၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၁၇၃၄၀၇၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်ပို့/တင်သွင်းမှုများကြောင့် တရားဝင် တင်ပို့/တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

---

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၀၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဘဲလွှတ်ကျောင်းစပါးစိုက်ပျိုးနည်းစနစ်

မောင်ခိုင်ကြီး(စိုက်ပျိုးရေး)

**ဘက်စုံစိုက်ပျိုးရေးနည်းစနစ် (Integrated Farming System) ဆိုတာ အစားအသောက်ထုတ်လုပ်မှု၊ အကျိုးအမြတ်ရရှိမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စိုက်ပျိုးရေးထိရောက်မှုတို့ကို တစ်ပြိုင်တည်း အကျိုးအမြတ်ရစေဖို့ရည်ရွယ်ပြီး စိုက်ပျိုးရေးနဲ့တိရစ္ဆာန်မွေးမြူရေးမျိုးစုံကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရတဲ့စနစ်တစ်ခုဖြစ်ပါတယ်။**

ဘက်စုံစိုက်ပျိုးရေးစနစ်တွင် စပါးကိုအခြေခံ၍ ကြက်မွေးမြူရေး၊ ဘဲမွေးမြူရေး၊ ငါးမွေးမြူရေး၊ ကျွဲ၊ နွားမွေးမြူရေး စသည့်တွဲဖက်ဆောင်ရွက်တဲ့ အမျိုးအစားများစွာရှိပါတယ်။ အဲဒီထဲမှ ဘဲလွှတ်ကျောင်းစပါးစိုက်ပျိုးနည်းစနစ် (Rice–Duck Integrated Farming System ) အကြောင်းကို မိတ်ဆက်ပေးချင်ပါတယ်။



တောင်တရုတ်ပင်လယ်ပြင်ရှိမုန်တိုင်းများ၊ ကပ္ပလီပင်လယ်ပြင်ကလာတဲ့ မုန်တိုင်းတွေကြောင့် မြန်မာနိုင်ငံ တိုင်းဒေသကြီးတွေမှာ မိုးရွာသွန်းမှုများနေပါတယ်။ မိုးရွာသွန်းမှုပမာဏရော၊ အကြိမ်အရေအတွက်ပါများလာတာကို တွေ့ရှိရပါတယ်။ အခြားသီးနှံတွေမဆိုထားနဲ့ ရေကြိုက်စပါးခင်းတွေမှာတောင် ရေများတဲ့ဒဏ်တွေ ခံစားနေရပါတယ်။ ဒါ့ကြောင့် တောင်သူတွေမှာလည်း သီးနှံဈေးတွေကတစ်မျိုး၊ မျိုး၊ မြေသြဇာ၊ ဆေးဈေးတွေကတစ်မျိုး၊ ယခုလို ငလျင်ဘေး၊ ရေဘေးတွေနဲ့ ရင်ဆိုင်ခံစားနေရပါတယ်။ ဒီလိုဖော်ပြပါအချက်များကြောင့် ဘဲလွှတ်ကျောင်းစပါးစိုက်ပျိုးနည်းစနစ် (Rice–Duck Integrated Farming System)ကို လိုက်နာကျင့်သုံးသင့်ပါတယ်။

ဘဲလွှတ်ကျောင်းစပါးစိုက်ပျိုးနည်းစနစ် (Rice–Duck Integrated Farming System) ဆိုတာ စပါးခင်းထဲမှာ ဘဲတွေကိုလွှတ်ပြီး သဘာဝအတိုင်း ပိုးမွှားနှိမ်နင်းခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် မြေသြဇာကျွေးခြင်းတို့ကို လုပ်ဆောင်ပေးတဲ့နည်းလမ်းဖြစ်ပါတယ်။ ဒီနည်းစနစ်ကို ၁၉၈၀ ပြည့်လွန်နှစ်များက ဂျပန်နိုင်ငံသား လယ်သမားတစ်ဦးဖြစ်တဲ့ Takao Furuno က ပြန်လည်အသက်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီနည်းလမ်းကို ဂျပန်နိုင်ငံမှာ Aigamo နည်းစနစ်လို့ ခေါ်ပြီး ဂျပန်ဘာသာစကားအရ "ဘဲ" ကို ဆိုလိုတာဖြစ်ပါတယ်။

ဘဲလွှတ်ကျောင်းစပါးစိုက်ပျိုးခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးတွေကတော့

**၁။ ပေါင်းမြက်နှင့်ပိုးမွှားများ ကျရောက်မှုကာကွယ်ပေးခြင်း**

စပါးခင်းထဲသို့လွှတ်ကျောင်းထားသော ဘဲတွေက ပေါင်းပင်ငယ်လေးတွေ၊ ခရု၊ ပိုးမွှားစတာတွေကို စားသုံးပေးတဲ့အတွက် ဓာတုပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချပေးနိုင်ပါတယ်။

**၂။ မြေသြဇာထောက်ပံ့ပေးနိုင်ခြင်း**

ဘဲတွေရဲ့မစင်တွေက မြေသြဇာအဖြစ် စပါးပင်တွေအတွက် အာဟာရဓာတ်တွေကို ဖြည့်ဆည်းပေးနိုင်ပါတယ်။ ဘဲတွေက မိမိစိုက်ပျိုးထားသော စပါးခင်းထဲတွင် ကူးခပ်သွားလာတဲ့အခါ ရေကို မွှေနှောက်ပေးတဲ့အတွက် မြေကြီးထဲတွင် အပင်မှ အလွယ်တကူမရရှိနိုင်သော အချို့အာဟာရဓာတ်များကို ဓာတ်ဖလှယ်ခြင်းနည်းအားဖြင့် အပင်မှ အလွယ်တကူရရှိစေပြီး စပါးပင်၏ကြီးထွားသန်စွမ်းမှုကို ပိုမိုအားကောင်းလာစေပါတယ်။

ဒီနည်းစနစ်ဟာ ဓာတုပစ္စည်းတွေ အသုံးမပြုရတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သလို ဂေဟဗေဒစနစ်ကိုလည်း ထိန်းညှိပေးရာရောက်ပါတယ်။ ဒါ့အပြင် ဘဲသားနဲ့ ဘဲဥကိုပါ ထပ်မံရရှိတဲ့အတွက် ဝင်ငွေလည်းပိုမိုရရှိစေပါတယ်။

**◆ ဘယ်အချိန်မှာ ဘဲတွေလွှတ်ကျောင်းသင့်သလဲ။**

ဘဲများစလွှတ်ရန် သင့်လျော်သောအချိန်က စပါးခင်းထဲမှာ စပါးစိုက်ပြီး ၅ ရက်မှ ၁၀ ရက်အတွင်း ဘဲများကို လွှတ်ကျောင်းသင့်ပါတယ်။ အဲဒီအချိန်ဟာ စပါးပင်တွေ အမြစ်တွယ်အား ခိုင်မြဲတဲ့အချိန်ဖြစ်တဲ့အတွက် ဘဲတွေက စပါးခင်းကို အနှောင့်အယှက်ဖြစ်စေမှာမဟုတ်ပါဘူး။ စပါးခင်းထဲသို့ လွှတ်ကျောင်းမယ့်ဘဲဟာ အသက် ၇ ရက်မှ ၁၀ ရက်သားရှိတဲ့ ဘဲငယ်လေးတွေကို လွှတ်ကျောင်းတာ အကောင်းဆုံးပါပဲ။ ဘဲတွေကို မိမိစပါးခင်းထဲမှာ ရက်ပေါင်း ၆၀ လောက်အထိ လွှတ်ထားနိုင်ပြီး စပါးပင်တွေ အနှံစတင်ထွက်လာတဲ့အချိန်ကျရင်တော့ ဘဲတွေက စပါးနှံနဲ့ စပါးစေ့တွေကို စားနိုင်တာကြောင့် ဘဲတွေကို မလွှတ်ကျောင်းသင့်တော့ပါဘူး။

ဘဲလွှတ်ကျောင်း စပါးစိုက်ပျိုးနည်းစနစ်မှာ စပါးခင်းထဲဘဲလွှတ်ကျောင်းပြီး စိုက်ပျိုးတဲ့နည်းစနစ်ဖြစ်တဲ့အတွက် မိမိစပါးခင်းထဲရှိ ရေအနက်ဟာ ဘဲတွေကူးခပ်သွားလာနိုင်တဲ့ သင့်တင့်တဲ့ရေအနက်



ထားရှိဖို့လိုအပ်ပါတယ်။ ဒါမှသာ ပေါင်းမြက်တွေနဲ့ ပိုးမွှားတွေ ရှာဖွေစားသောက်နိုင်မှာဖြစ်ပါတယ်။ တစ်ဧကကို ဘဲအကောင်ရေ ၂၂၅ ကောင်မှ ၃၇၅ ကောင်အထိ လွှတ်ကျောင်းနိုင်ပါတယ်။ ဘဲအကောင်ရေသိပ်များရင် စပါးပင်တွေထိခိုက်ပျက်စီးနိုင်တာကြောင့် သတ်မှတ်ထားတဲ့ပမာဏအတိုင်း လွှတ်ကျောင်းသင့်ပါတယ်။

မိမိလွှတ်ကျောင်းမယ့်ဘဲဟာ ငယ်သေးတဲ့အတွက်ကြောင့် ဘဲငယ်လေးတွေအတွက် အစာထပ်ဖြည့်ကျွေးပေးဖို့လိုအပ်ပါတယ်။ ဒါမှသာ ဘဲတွေဟာ ကြီးထွားမှုအားကောင်းလာပြီး မိမိစပါးခင်းထဲမှ ရေညှိ ရေမှော်၊ ပေါင်းပင်တွေနဲ့ ပိုးမွှားတွေကို ထိထိရောက်ရောက်နှိမ်နင်းနိုင်မှာပဲဖြစ်ပါတယ်။ မိမိလွှတ်ကျောင်းတဲ့ ဘဲတွေကို ပြင်ပသားရဲတိရစ္ဆာန်တွေရန်ကနေ ကာကွယ်ပေးထားဖို့လည်း လိုအပ်ပါတယ်။

ဤနည်းစနစ်ကို မြန်မာနိုင်ငံမှာလည်း ရွှေဘို၊ ဝက်လက်၊ ပဲခူး၊ သနပ္ပင် စတဲ့ စပါးစိုက်ပျိုးတဲ့ဒေသတော်တော်များများမှာ စတင်အသုံးပြုနေကြပါတယ်။ ဤကဲ့သို့ စပါးနဲ့တိရစ္ဆာန်မွေးမြူရေးစနစ်တွေကို တွဲဖက်အသုံးပြုခြင်းအားဖြင့် ဂေဟဗေဒစနစ်နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစေနိုင်တဲ့အပြင် စိုက်ပျိုးရေးမှရရှိသော အကျိုးအမြတ်သာမက မွေးမြူရေးမှလည်း အပိုဝင်ငွေကိုလည်း ရရှိစေပါတယ်။ ဒါ့ကြောင့်တောင်သူတွေရဲ့စားဝတ်နေရေးကိုအထောက်အကူအဖြစ်ပံ့ပိုးပေးနိုင်တဲ့ ဘဲလွှတ်ကျောင်းစပါးစိုက်ပျိုးနည်းစနစ်တွေကို တောင်သူတွေအနေနဲ့ လက်ခံကျင့်သုံးသင့်ပါတယ် ဆိုတဲ့အကြောင်း တောင်သူများသိရှိနိုင်စေဖို့ ဖော်ပြပေးလိုက်ရပါတယ်။ ။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြော

ကျောက်ကြီး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ဗန္ဓုလဆောင်ခန်းမ၌ စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်သွယ်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က မိမိဌာနအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်ပြီး လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူများသို့ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းဟောပြောသည်။

ထို့နောက် ကျောက်ကြီးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးနိုင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပြီး မြို့မရဲစခန်း ဒုတိယစခန်းမှူး ရဲအုပ်ဇော်မင်းသိန်းက ကျောင်းသားလူငယ်များအား လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းချခြင်းများ၏ ပြစ်မှုပြစ်ဒဏ်များအကြောင်းအသိပညာပေးခြင်း၊ ကျောင်းသားလူငယ်များအနေဖြင့် မူးယစ်ဆေးဝါးကို ရှောင်ရှားပြီး လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်သင့်ကြောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးနံရံကပ်ဗီနိုင်းပိုစတာများဖြင့် ပြသရှင်းလင်းမှုအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်းသိရသည်။

(၄၁၀)

## MWD Education, Knowledge & Sports Channel

၁၈-၉-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၇:၀၀ – ၀၈:၃၅ Grade – 8
မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ – ၁၆:၁၅ Grade – 8
အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)

၃။ ၁၆:၁၅ – ၁၇:၄၅ Grade – 8
ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ်သင်တန်း ကျောင်းသား၊ ကျောင်းသူများ ဒုတိယနှစ်ဝက်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၇

Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် (ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာတန်းပထမနှစ်သင်တန်းများ၏ ဒုတိယစာသင်နှစ်ဝက်စာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုအားပေးစဉ်ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် ဒုတိယပညာသင်နှစ်ဝက်စာမေးပွဲများကို စက်တင်ဘာလ ၁၅ ရက်မှ ၂၃ ရက်အထိ ဖြေဆိုကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမ ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ပထမတောင်ကျောင်းကြီးကျောင်းတိုက်ရှိသံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀၄ ပါး၊ ဒေသခံတိုင်းရင်းသားပြည်သူ ၂၂ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကရင်ပြည်နယ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ဘားအံ စက်တင်ဘာ ၁၇

ကရင်ပြည်နယ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများနှစ်သက်သည့်သီးနှံကို လွတ်လပ်စွာစိုက်ပျိုးလုပ်ကိုင်နိုင်စေရေး၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မွေးမြူရေးတိရစ္ဆာန်အစာအစာများရရှိနိုင်ရေး သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက လက်ရှိကာလတောင်သူများကြုံတွေ့နေရသည့် စပါးဈေးကျဆင်းနေမှု၊ ဆန်စပါးတင်ပို့ရောင်းချရာတွင် လမ်းခရီးကြန့်ကြာမှု၊ သွင်းကုန်ပို့ကုန်များကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ခရိုင်အဆင့်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများက မြေယာဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရေးနှင့် ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆောင်ရွက်ပေးမှုအခြေအနေများကိုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**မိုး ပိုလာမည်**


နေပြည်တော် စက်တင်ဘာ ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **(မိုး/ဇလ)**




သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော

တေဇ ရုပ်စုံ




- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် စက်တင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**ပျောက်ဆုံးကြောင်း**

နန်းဝေဦး(ဘ)ဦးလှသန်း ၁၂/ခရန(နိုင်) ၁၃၂၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၉၁၀၉၃၆၈

**ပျောက်ဆုံးကြောင်း**

ဆန်းကျော်ဝင်း(ဘ)ဦးမောင်ဌေး ၉/ညဥန(နိုင်)၁၈၆၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၈၃၈၆၃၉

**ပျောက်ဆုံးကြောင်း**

ခင်သီတာထွန်း(ဘ)ဦးထွန်းဇော် ၁၃/တခန(နိုင်)၀၂၈၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၁၆၆၈၅၁

# လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူနိုင်ရန် ဘာစီလိုနာအသင်း စိတ်ဝင်စားနေ

ဘာစီလိုနာ စက်တင်ဘာ ၁၇

ဘာစီလိုနာအသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းတိုက်စစ်မှူးဟာလန်းကို ခေါ်ယူနိုင်ရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ဘာစီလိုနာအသင်းအနေဖြင့် ဘဏ္ဍာရေးအခြေအနေဆိုးရွားနေသော်လည်း အသင်းဥက္ကဋ္ဌ လာပေါ်တာက တိုက်စစ်မှူးဟာလန်းကို ခေါ်ယူနိုင်ရန် စိတ်ဝင်စားနေခြင်းဖြစ်ပြီး လက်ရှိတွင် အသက် ၃၇ နှစ်အရွယ် တိုက်စစ်မှူး လီဝန်ဒေါ်စကီးမှာ ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများအနေဖြင့် ၎င်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အစီအစဉ်မရှိကြောင်း သိရသည်။

ထို့ပြင် ရာသီကြိုခြေစမ်းပွဲများတွင် ရရှိခဲ့သည့် ဒဏ်ရာ ပြန်လည်သက်သာလာသည့် တိုက်စစ်မှူး လီဝန်ဒေါ်စကီးကို ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ခ်က သတိပြုပွဲထွက်ကစားစေခဲ့ရသကဲ့သို့ အသင်းတာဝန်ရှိသူများအနေဖြင့်လည်း တိုက်စစ်ပိုင်းကို ပံ့ပိုးဦးဆောင်နိုင်မည့် ကစားသမားတစ်ဦးအား ခေါ်ယူလိုနေခြင်းဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာနှင့် အားကစားဒါရိုက်တာ ဒေကိုတို့က လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အထောင်တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြပြီး စပိန်မီဒီယာများ၏ အဆိုအရ မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် ၎င်းတို့က စိတ်ဝင်စားနေကြောင်း သိရသည်။



အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး ဟာလန်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီလတွင် အသင်းနှင့် ၂၀၃၄ ခုနှစ်အထိ သက်တမ်းရှိသော စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုထားကာ လက်ရှိတွင် တစ်ပတ်လုပ်ခလစာ ပေါင် လေးသိန်းခန့် ရရှိနေကြောင်း သိရသည်။

*Ref; Goal.com*

# ပြင်သစ်လက်ရွေးစင်အသင်းနှင့် ဘာစီလိုနာအသင်းခံစစ်ကစားသမားဟောင်း အမ်တီတီ ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်းကြေညာ

ပါရီ စက်တင်ဘာ ၁၇

ပြင်သစ်လက်ရွေးစင်အသင်းနှင့် ဘာစီလိုနာအသင်းခံစစ်ကစားသမားဟောင်း အမ်တီတီသည် ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြင်သစ်လက်ရွေးစင်အသင်းနှင့် ဘာစီလိုနာအသင်း ခံစစ်ကစားသမားဟောင်း အမ်တီတီသည် ကစားသမားဘဝ အသက် ၃၁ နှစ်သာရှိသေးသော်လည်း ဒူးဒဏ်ရာပြဿနာများကြောင့် ရုန်းကန်ခဲ့ရပြီးနောက် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမ်တီတီသည် ကစားသမားဘဝတွင် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအထိ လိုင်ယွန်အသင်း၌လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှ ၂၀၂၀-၂၀၂၂ ဘောလုံးရာသီအထိ ဘာစီလိုနာအသင်း၌ လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် လက်ချီအသင်း၌လည်းကောင်း၊ ၂၀၂၃- ၂၀၂၄ နှင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတို့တွင် လိုင်လီအသင်း၌လည်းကောင်း ပါဝင်ကစားခဲ့ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါချန်ပီယံဆု နှစ်ကြိမ်၊ စပိန်ဘုရင်ဖလားသုံးကြိမ်ရရှိခဲ့သည့်အပြင် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်သည့် ပြင်သစ်အသင်း၌ ပါဝင်ကစားခဲ့သူဖြစ်သည်။

အမ်တီတီသည် ပြီးခဲ့သည့်ဘောလုံးရာသီက လိုင်လီအသင်း၌ ၁၃ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ဒဏ်ရာပြဿနာများကြောင့် ရာသီအကုန်တွင် အသင်းနှင့် လမ်းခွဲကာ အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ထို့ပြင် အမ်တီတီသည် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ၃၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ပါဝင်ကစားခဲ့သည့်အပြင် ၎င်းသည် နိုင်ငံအသင်းနှင့်အတူ လေးဂိုးသွင်းယူပေးခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# အာဆင်နယ်အသင်းက ဘီလ်ဘာအိုအသင်းကိုအနိုင်ရရှိပြီးနောက် ဥရောပပြိုင်ပွဲတစ်လျှောက် စပိန်ကလပ်အသင်းများကို ခြောက်ပွဲဆက်အနိုင်ရရှိသည့် ပထမဆုံးအသင်းဖြစ်လာ



လန်ဒန် စက်တင်ဘာ ၁၇

အာဆင်နယ်အသင်းသည် ဘီလ်ဘာအိုအသင်းကို အနိုင်ရရှိပြီးနောက် ဥရောပပြိုင်ပွဲတစ်လျှောက် စပိန်ကလပ်အသင်းများကို ခြောက်ပွဲဆက်အနိုင်ရရှိသည့် ပထမဆုံးအသင်းဖြစ်လာခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့သည် စက်တင်ဘာလ ၁၆ ရက်က ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်(၁)အဖြစ် ယှဉ်ပြိုင်ကစားရာ အာဆင်နယ်အသင်းက အဝေးကွင်း၌ ၂ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဥရောပဖလားနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် စပိန်ကလပ်အသင်းများနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် ခြောက်ပွဲဆက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းနည်းပြ အာတီတာက ချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက် ပထမဆုံး စပိန်ကစားသမားလေးဦးဖြစ်သည့် ဒေးဗစ်ရာယာ၊ မော့စ်ကွဲရား၊ ဇူဘီမန်ဒီ၊ မီခေးလ်မာရီနိုတို့ကို ပွဲထွက်ကစားစေခဲ့ကာ ဘီလ်ဘာအိုအသင်းကို ဖိအားပေးကစားခဲ့သော်လည်း ပထမပိုင်းပွဲပြီးဆုံးချိန်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ရရှိခဲ့ကြသည်။

ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်တွင် နည်းပြအာတီတာက တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂျိုကာရက်စ်အစား ထရော့ဆတ်ဒ်၊ အက်ဇီးအစား မာတင်နယ်လီတို့ကို ဝင်ရောက်ကစားစေခဲ့ကာ ပွဲချိန် ၇၂ မိနစ်တွင် မာတင်နယ်လီကလည်းကောင်း၊ ပွဲချိန် ၈၇ မိနစ်တွင် ထရော့ဆတ်ဒ်ကလည်းကောင်း ဦးဆောင်ဂိုးများ အသီးသီးသွင်းယူခဲ့ကြပြီး ပွဲပြီးဆုံးချိန်တွင် အာဆင်နယ်အသင်းက ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ် ပွဲချိန် ၇၁ မိနစ်တွင် လူစားဝင်ကစားခဲ့သည့် မာတင်နယ်လီသည် ကွင်းအတွင်းဝင်ရောက်ပြီး ၃၆ စက္ကန့်အကြာတွင် အဖွင့်ဂိုးသွင်းယူနိုင်ခြင်းကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် လူစားဝင်ကစားပြီး အမြန်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည့်အပြင် လူစားဝင်ကစားသမားနှစ်ဦးစလုံး ဂိုးသွင်းယူနိုင်သည်မှာလည်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် အောက်တိုဘာလ ၂ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဂရိကလပ် အိုလံပီယာကော့စ်အသင်းကို အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# ချယ်လ်ဆီးနှင့် မန်ယူအသင်း ကစားသမားဟောင်း မာတာ မဲလ်ဘုန်းဗစ်ထရီအသင်းနှင့် စာချုပ်ချုပ်ဆို

မဲလ်ဘုန်း စက်တင်ဘာ ၁၇

ချယ်လ်ဆီးနှင့် မန်ယူအသင်းကွင်းလယ်ကစားသမားဟောင်းမာတာသည် မဲလ်ဘုန်းဗစ်ထရီအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် ကွင်းလယ်ကစားသမား မာတာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အေလိဂ်ကလပ် ဆစ်ဒနီဝမ်ဒီရီအသင်းတွင် ခုနစ်ပွဲသာ ပါဝင်ကစားခဲ့ရပြီး ပွဲထွက်ခွင့်ပိုမိုရရှိရန် မဲလ်ဘုန်းဗစ်ထရီအသင်းသို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာတာသည် ဗလင်စီယာအသင်းတွင် ခြေစွမ်းပြကစားပြီးနောက် ၂၀၁၁ ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ချန်ပီယံလိဂ်ဖလား၊ ယူရိုပါလိဂ်ဖလားနှင့် အက်ဖ်အေဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် ၂၀၁၄ ခုနှစ်တွင် မန်ယူအသင်းသို့ ပေါင် ၃၇ ဒသမ ၁ သန်းဖြင့် ပြောင်းရွှေ့ပြီးနောက် အက်ဖ်အေဖလား၊ လိဂ်ဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

မာတာသည် မန်ယူအသင်းမှ ထွက်ခွာပြီးနောက်တွင် တူကီယံကလပ် ဂါလာတာဆာရေး၊ ဂျပန်ကလပ် ဗစ်ဆဲလ်ကိုဘေးအသင်းတို့၌ ကစားခဲ့ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ခရီးသွားဧည့်သည် ၁၄၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့



ငပုတော စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီး ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဩဂုတ်လ တစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၁၄၀၀၀ ကျော်အထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံဒေါ်နီနီမာ၏ ပြောပြချက်အရ သိရသည်။

ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ခရီးသွားဧည့်သည် ၁၄၃၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်။

''ဩဂုတ်လ တစ်လတာကာလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၁၄၃၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နဲ့ အလုပ်ပိတ်ရက်တွေမှာ အများဆုံး လာရောက်လည်ပတ်ခဲ့ပါတယ်။ လက်ရှိမှာလည်း လာရောက်လည်ပတ်တဲ့သူတွေများပါတယ်။ လာမယ့်လတွေမှာလည်း အခုထက် ခရီးသွားတွေ ပိုမိုလာရောက်ဖို့မျှော်မှန်းထားပါတယ်'' ဟု ဒေါ်နီနီမာက ပြောသည်။

ငွေတောင်ကမ်းခြေကို ဩဂုတ်လတစ်လတာကာလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျ အနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတကျော်

# တွံတေးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စွမ်းရည်ပြိုင်ပွဲများကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို စက်တင်ဘာလ ၁၆ ရက်က ရန်ကုန်ပါဒကျေးရွာအုပ်စု တန်းလျားလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ (တန်းလျားလေး) ၌ ကျင်းပသည်။

အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းခွဲ (တန်းလျားလေး) မှ ကျောင်းသား၊ ကျောင်းသူများက အနာဂတ်လူရည်ချွန်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမိုက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Grade-10 မှ ကျောင်းသား၊ ကျောင်းသူများက လမ်းပြကြယ်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး စာရေးဆရာ ဦးဝင်းထွဋ်မြ (ဝင်းထွဋ်မြဦး-တွံတေး) က စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် Grade-9 မှ ကျောင်းသား၊ ကျောင်းသူများက ဦးရွှေရိုးနှင့်ဒေါ်မိုး၊ Grade-1 မှ ကျောင်းသား၊ ကျောင်းသူများက စကားဝါမြေတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားလာစေရန်နှင့် အသိပညာဗဟုသုတရရှိစေရန် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ပြသထားရာ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# တရုတ်-မြန်မာသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၇

တရုတ်-မြန်မာသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် တရုတ်-မြန်မာနှစ်နိုင်ငံကြား ပြည်သူ့အကျိုးပြုကဏ္ဍ၊ ယဉ်ကျေးမှုကူးလူးဖလှယ်ရေးကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားလာရေး စသည့် တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသောဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ သိရသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အသင်းဝင်မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်ကာ အဖြူ အမည်းဖြစ်စေ၊ ဆေးရောင်စုံဖြစ်စေ၊ တစ်ပုံချင်းဖြစ်စေ၊ Photo Series အနေဖြင့်ဖြစ်စေ စိတ်ကြိုက် တင်သွင်းနိုင်မည်ဖြစ်သည်။

Photo Series အတွက် ၁၀ x ၁၅ လက်မ 300 dpi တွင် မိမိစိတ်ကြိုက်ထည့်သွင်း၍ တစ်ပါတည်းပေးပို့ရမည်ဖြစ်ပြီး တင်သွင်းသောဓာတ်ပုံများကို ၁၀ x ၁၂ လက်မမှ ၁၀ x ၁၅ လက်မအတွင်း 300 dpi အရွယ်အစား File ပေးပို့ရမည်ဖြစ်ကာ E-mail၊ CD၊ Memory Card၊ Stick တို့ဖြင့်ပေးပို့နိုင်ကြောင်းနှင့် တင်သွင်းလာသောဓာတ်ပုံများအနက် အကောင်းဆုံး Single ပုံ ၂၀၊ Photo Series ပုံ ၂၀ စုစုပေါင်းဓာတ်ပုံ ၄၀ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဓာတ်ပုံ ၄၀ ကို တရုတ်နိုင်ငံ ထယ်ဟုန်ပြည်နယ်ခွဲ၌ ကျင်းပမည့်ပြပွဲတွင် ပြသမည်ဖြစ်ပြီး ဓာတ်ပုံ ၄၀ အနက် ပထမဆုတစ်ဆု၊ ဒုတိယဆုနှစ်ဆု၊ တတိယဆုသုံးဆုနှင့် ဂုဏ်ပြုဆုများ ရွေးချယ်ကာ ပထမဆုအတွက် ယွမ် ၁၅၀၀၊ ဒုတိယဆုနှစ်ဆုအတွက် တစ်ဆုလျှင် ယွမ် ၁၀၀၀ စီ၊ တတိယဆုသုံးဆုအတွက် တစ်ဆုလျှင် ယွမ် ၅၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲဝင်များသည် အမည်၊ အသင်းဝင်နံပါတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြည့်သွင်း၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းသို့ ရုံးချိန်အတွင်း စက်တင်ဘာလ ၂၆ ရက်နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

# စဉ့်ကိုင်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



စဉ့်ကိုင် စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (တောမ) တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာလ ၁၆ ရက်က အခြေခံပညာအလယ်တန်းကျောင်းခွဲ (တောမ)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ တားဆီးကာကွယ်နိုင်မည့်နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## (၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၉-၂၀၂၅ ရက်မှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆ |
| | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈ |

**ပျောက်ဆုံးကြောင်း**
ဇင်မင်းသူ(ဘ)ဦးကျော်ဝင်း ၁၂/ဥကတ(နိုင်)၂၀၁၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၉၆၀၀၇၂

**ပျောက်ဆုံးကြောင်း**
သန်းဇော်(ဘ)ဦးဝင်းညွှန့် ၉/ကပတ(နိုင်)၂၂၂၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ခင်မျိုးဝင်း(ဘ)ဦးငွေတင် ၁၀/မလမ(နိုင်)၀၀၁၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 010841)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၅၃၂၃၄၈

**ပျောက်ဆုံးကြောင်း**
ခင်မျိုးဝင်း(ဘ)ဦးငွေတင် ၁၀/မလမ(နိုင်)၀၀၁၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၇၇၅၇၅၅

**ပျောက်ဆုံးကြောင်း**
ကြူကြူမြင့်(ဘ)ဦးကျော်မြင့် ၁၂/ခရန(နိုင်)၁၁၇၁၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၁၆၅၉၂၆

**ပျောက်ဆုံးကြောင်း**
ယွန်းသီတာသက်(ဘ)ဦးကိုသက် ၁၄/ကပန(နိုင်)၂၇၄၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ၁၅/ ၁၁၇ နေ မောင်လားအင်ပွီးယာ(ဘ)ဦးဇားငိုးလျန်နာ ၅/ကလထ(နိုင်)၂၉၂၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၅၃၈၃၀၃

**ပျောက်ဆုံးကြောင်း**
ရေတာရှည်မြို့နေ နှင်းသန့်စင်(ဘ)ဦးသိန်းအောင် ၇/ရတန(နိုင်)၀၇၀၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မိုးကုတ်မြို့၊ ဈေးသစ်ရပ်နေ နိုင်မျိုးလွင်(ဘ)ဦးခင်မောင်မြင့် ၉/မကန(နိုင်)၁၀၃၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 130309)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၀၇၁၀၉

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးတင်မောင်
## အသက်(၈၉)နှစ်

ဗိုလ်ချုပ်မျိုးမင်းထွန်း+ဒေါ်ချိုနွယ်ဦး၊ ဦးကျော်မိုး+ဒေါ်ပပလင်း(ဒုတိယညွှန်ကြားရေးမှူး-ကညန)၊ ဒေါက်တာသန္တာလင်း(ပါမောက္ခဌာနမှူး)၊ ဗိုလ်ကြီးအောင်သူ+ဒေါ်နှင်းသီင်္ဂီဇင်တို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖခင်ကြီး၊ ရန်ကုန်တိုင်း၊ လှည်းကူးခရိုင်၊ ဖောင်ကြီးမြို့နေ ဒေါ်မြရီ၏ချစ်လှစွာသောခင်ပွန်း၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးတင်မောင် အသက်(၈၉)နှစ်သည် ၁၇-၉-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီ ၀၅ မိနစ်တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၉-၉-၂၀၂၅ ရက်(သောကြာနေ့)နေ့လယ် ၁၂:၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ဇင်နွယ်သွေး(ဘ)ဦးစန်းဦး ၇/သဝတ(နိုင်)၀၇၃၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 927547)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
မအေးအေးစိုး(ဘ)ဦးငွေဝင်း ၁၀/ခဆန(နိုင်)၁၀၁၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က-အေလာ Grade-4(C) တွင် ပညာသင်ကြားနေသော မဆောင်းနှင်းဖြူ၏ဖခင် ဦးဇော်မင်းဝင်းနှင့် ဦးစောမောင် ၉/မသန(နိုင်)၁၄၄၈၁၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးဇော်မင်းဝင်း(ခ)ဦးစောမောင်

**မိခင်အမည်မှန်**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က (အေလာ)Grade-12(A) တွင် ပညာသင်ကြားနေသော မချိုဇင်နေဝင်း၏မိခင်အမည်မှန်မှာ ဒေါ်လေးဝင်း ၉/လဝန(နိုင်)၁၅၇၅၄၇ ဖြစ်ပါကြောင်း။ ဒေါ်လေးဝင်း

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က (၁၉)ကျောင်း Grade-12(B) အတန်းမှ မအေးချမ်းမေ၏ဖခင်အမည်မှန်မှာ ဦးသန်း ၉/လဝန(နိုင်)၁၄၂၅၉၈ ဖြစ်ပါကြောင်း။
ဦးသန်း

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က (၁၄)Grade-12 မှ မဖွေနံပန်းဖြူ၏ဖခင်အမည်မှန်မှာ ဦးစိုးမင်းနိုင် ၉/လဝန(နိုင်)၁၇၆၈၆၆ ဖြစ်ပါကြောင်း။
ဦးစိုးမင်းနိုင်

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (၂၀)Grade-11(A) မှ မပေမာန်ထွန်း၏ဖခင် ဦးအေးမင်းထွန်းနှင့် ဦးအေးဝင်းထွန်း ၁၃/မယတ(နိုင်)၀၁၂၈၃၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအေးမင်းထွန်း(ခ)ဦးအေးဝင်းထွန်း**

**ဖခင်အမည်မှန်**
ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၂၀)၊ အခြေခံပညာနှင့် စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း Grade-7(D) မှ မနန်းဝတီနွယ်၏ဖခင်အမည်မှန်မှာ ဦးကျော်သူရဖြစ်ပါကြောင်း။
ဦးကျော်သူရ

**ဖခင်အမည်မှန်**
နတ်မောက်မြို့၊ အ.ထ.က အောင်ဆန်း Grade-12 မှ မောင်ရန်အောင်၏ဖခင်အမည်မှန်မှာ ဦးတင်မိုးထွန်း ၈/နမန(နိုင်)၁၁၉၁၈၄ ဖြစ်ပါကြောင်း။
ဦးတင်မိုးထွန်း

**ပျောက်ဆုံးကြောင်း**
အောင်ဘွား(ဘ)ဦးဇော်ဝင်း ၉/နထက(နိုင်)၂၂၂၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 511922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီရိရွှေစင်ထွန်း(ဘ)ဦးနေဝင်းထွန်း ၁၁/စတန(နိုင်)၁၄၀၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လေးမြတ်ခိုင်(ဘ)ဦးအောင်ကျော်လှ ၁၁/စတန(နိုင်)၀၆၉၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယဉ်ယဉ်လှ(ဘ)ဦးမာခင် ၉/လဝန(နိုင်)၂၂၃၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ နယ်မြေ(၁၇)၊ ငွေစန္ဒာလမ်းနေ ကျွန်ုမ မမျိုးသန္တာ(ခ) မမိုးသန္တာထွန်း ၇/ပခန(ပြု)၀၀၀၆၆၃ ဖြစ်ပါကြောင်း။
မမျိုးသန္တာ(ခ)မမိုးသန္တာထွန်း

**ပျောက်ဆုံးကြောင်း**
သူရိန်စိုး(ဘ)ဦးသံဂဲ ၁၄/ပတေ(နိုင်)၂၄၄၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျင်ထွေးမြင့်(ဘ)ဦးထီ ၈/ပမန(နိုင်)၀၀၅၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သိမ့်သိမ့်အိ(ဘ)ဦးမင်းရီ ၇/ဖမန(နိုင်)၂၃၉၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်ပြောင်း**
ပဲခူးမြို့၊ အ.ထ.က အင်းတကော်ကျောင်း၊ Grade-12(A) မှ အဘ ဦးကျော်ဟိန်း၏သမီး နော်အေးအိအိခိုင်အား မအေးအိအိခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မအေးအိအိခိုင်

**ပျောက်ဆုံးကြောင်း**
လှမောင်(ဘ)ဦးရာကွတ် ၁၂/ဒဂတ(နိုင်)၀၁၈၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၂၈၈၂၁၉

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)၊ G-12(D) မှ မသက်စုထွေး၏ဖခင်အမည်မှန်မှာ စအုံးငွေး ၁၄/ပတေ(နိုင်)၀၄၀၇၆၂ ဖြစ်ပါကြောင်း။
စအုံးငွေး

**ပျောက်ဆုံးကြောင်း**
မောင်စိုးအောင်(ဘ)ဦးခင်မောင်သောင်း ၉/ညဥန(နိုင်)၂၃၂၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၄၁၆၄၅

**ပျောက်ဆုံးကြောင်း**
နော်နန်းကလျာ(ဘ)စောဘိုသန်းငွေ ၇/ကတခ(နိုင်)၂၃၉၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကုမာရ(ဘ)ဦးရွှေ ၁၂/လမန(သ)၀၀၁၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၆၀၄၀၄

**ပျောက်ဆုံးကြောင်း**
အောင်ဇင်ဖြိုး(ဘ)ဦးအောင်ကြည်ငြိမ်း ၁၂/ကမရ(နိုင်)၀၆၃၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၂၃၄၃၃၀၃

**ပျောက်ဆုံးကြောင်း**
အေးသကြီန်မိုး(ဘ)ဦးအေးဝင်း ၈/တတက(နိုင်)၃၀၆၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**
တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ "မြတ်ပညာ"ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ (၂၀၂၅-၂၀၂၆)ပညာသင်နှစ်၊ ကျောင်းဝင်အမှတ်(၀၆၄/၂၄)၊ G-11 မှ အဘ ဦးမင်းသူ ၁၄/နေဖ(နိုင်)၁၃၉၀၆၂ ၏သား မောင်ညီရဲပိုင်အား မောင်ခန့်ကိုကိုလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ကိုကိုလင်း**

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ မြင်းတဲကြီး(တ)ရွာနေ ထွန်းသိန်း(ဘ)ဦးထွန်းစိန် ၈/နမန(နိုင်)၁၆၅၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၄၃၄၄၂၉၀**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ထင်းကုန်းကျေးရွာအုပ်စု၊ ကျောက်ပုံကျေးရွာနေ မောင်ရန်လင်းထက်၏ဖခင်အမည်မှန်မှာ ဦးထိန်လင်း ၇/ညလပ(နိုင်)၁၄၂၀၂၃ ဖြစ်ပါကြောင်း။
ဦးထိန်လင်း

**သစ်တောမှန်လျှင် အသုံးဝင်**
**အစဉ်ထာဝရ ထိန်းသိမ်းကြ**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Lemon Tea
Tea Mix
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Black Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်ကြီးနယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


SINCE 1959
မြန်မာကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သင်္ဘောကျင်း ကုန်သေတ္တာထားသိုခန်း
သင်္ဘောကျင်း ဆိပ်ခံတံတားလုပ်ငန်း
သင်္ဘောကျင်း ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ –သင်္ဘောကျင်း

❖ မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင်နေထိုင်ပြုမူရေး စတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင်ပြုလုပ်သော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စာမျက်နှာ ၂၅ ကော်လံ ၁ ■**

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၀-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၇-၉-၂၀၂၅

| | | |
|---|---|---|
| ကိုကိုးကျွန်း | ၂ | ဒသမ ၈၆ လက်မ |
| လေးမျက်နှာ | ၁ | ဒသမ ၈၀ လက်မ |
| မြိတ် | ၁ | ဒသမ ၅၀ လက်မ |
| မိုးကောင်း | ၁ | ဒသမ ၃၈ လက်မ |
| ပူတာအို | ၁ | ဒသမ ၂၂ လက်မ |
| နောင်ချို | ၁ | ဒသမ ၁၀ လက်မ |
| ခန္တီး | ၁ | ဒသမ ၀၂ လက်မ |
| ထားဝယ် | သုည | ဒသမ ၇၁ လက်မ |
| ဖောင်းပြင် | သုည | ဒသမ ၅၉ လက်မ |
| ဘိုကလေး | သုည | ဒသမ ၅၅ လက်မ |
| ကော့သောင်း | သုည | ဒသမ ၅၅ လက်မ |

ဆောင်းပါး

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၂) စာ - ၈ သို့

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာစိုက်ခင်းများ စတင်ရိတ်သိမ်း စာ - ၂၃ သို့

